ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday 21 May 2018 ၄၂၄၃





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့နယ် တလန်းဇာရ်ကျေးရွာအနီးရှိ လိုင်ဗားတမံ (အောက်တမံ) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းနှင့် ဟားခါး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

## စီမံကိန်းနယ်မြေအတွင်း မူလရှိသည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် မှာကြား

**နေပြည်တော် မေ ၂၀**

ချင်းပြည်နယ် ဖလမ်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၉ ရက်တွင် ဖလမ်းနှင့် ဟားခါးမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

**ဖလမ်းမြို့ ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားတမံ (အောက်တမံ)တည်ဆောက်ရေးအတွက် စူးစမ်းလေ့လာခဲ့ရာ လက်ရှိလိုင်ဗားရေလှောင်တမံ၏ အောက်ဘက် ၁ ဒသမ ၅ မိုင် အကွာနေရာ၌ ရေဆင်းဧရိယာ ၂ ဒသမ ၅ စတုရန်းမိုင်၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၄၈၂၀ စီးဝင်နိုင်ပြီး ရေဂါလန် ၁၆၂ သန်းမှ ၂၁၆ သန်းအထိ သိုလှောင်နိုင်မည့်နေရာကို ရှာဖွေတွေ့ရှိခဲ့သည်။**

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံဝန်ထမ်းအိမ်ရာ တည်ဆောက်မည့်နေရာ၊ သူနာပြုသင်တန်းကျောင်းခန်းမ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား နိုင်ငံတော်မှ ထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယခုကဲ့သို့ ဆေးရုံများ အဆင့်မြှင့်တင်ပေးခြင်းနှင့် သူနာပြုသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို လေလွင့်မှုမရှိအောင် စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဖလမ်းမြို့နယ် တလန်းဇာရ်ကျေးရွာအနီးရှိ လိုင်ဗားတမံ (အောက်တမံ) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လိုင်ဗားရေလှောင်တမံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်ဇော်က ဖလမ်းမြို့ ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားတမံ (အောက်တမံ) စီမံကိန်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများကို စနစ်တကျ သေချာတိုင်းတာစစ်ဆေးသွားရန် လိုအပ်ပါကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

**ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနား ကျင်းပ**

စာမျက်နှာ - ၅

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ**

စာမျက်နှာ - ၉

**မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးတို့၌ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်**

စာမျက်နှာ - ၁၆

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ထားဝယ်ခရိုင်နှင့် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များ ကြည့်ရှုစစ်ဆေး



**ထားဝယ် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ထားဝယ်ခရိုင်နှင့် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန Community Centre အဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စာကြည့်တိုက်သို့ လာရောက်ကြသည့် ကလေးငယ်များအား ပုံပြင်စာအုပ်များနှင့် အရုပ်များ ပေးအပ်ခဲ့ကြသည်။ **(ဃာပုံ)**

**ခိုင်ထူး(ပြန်/ဆက်)**

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပဲခူးရိုးမဖြတ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မေ ၁၉ ရက်က မြို့ချောင်း-စိန်ကန့်လန့်-မင်းလှ ပဲခူးရိုးမဖြတ်လမ်းတစ်လျှောက်ဖြတ်သန်းကာ သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(MRRP) လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပြည်သူများအပန်းဖြေနားနေနိုင်ရန်အတွက် မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် မုက္ခာရေတံခွန်ဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(MRRP)သို့ ရောက်ရှိရာ သစ်တောဦးစီးအရာရှိ ဦးတင်အုန်းကျော်က ၂၀၁၇ ခုနှစ် မိုးရာသီ၌ တည်ထောင်စိုက်ပျိုးခဲ့သည့် စိုက်ခင်းကို ပြုစုထိန်းသိမ်းစောင့်ရှောက်မှု၊ ၂၀၁၈ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းအတွက် စိုက်ခင်းအကြိုလုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို တင်ပြသည်။ ဆက်လက်၍ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က



မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်နှင့် ဆောင်ရွက်မည့်အစီအမံများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းအောင်မြင်စေရေးအတွက် သစ်မျိုးရွေးချယ်မှု၊ စိုက်ပျိုးမည့် နည်းစနစ်၊ ထိန်းသိမ်းစောင့်ရှောက်မှုများကို လုပ်ငန်းစဉ် တစ်ခုချင်းအလိုက် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် မုက္ခာရေတံခွန်ဆင်စခန်းသို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးက မုက္ခာရေတံခွန်ဆင်စခန်းနှင့် ပတ်သက်သည့် အချက်အလက်များ၊ အပန်းဖြေနားနေရန် လာရောက်ကြသည့် ပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆင်စခန်း၌ ဆင်ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဆင်စားကျက်ဧရိယာ ဆောင်ရွက်ထားရှိမှု၊ ဧည့်သည်ဝင်ရောက်မှုနှင့် ဝင်ငွေရရှိမှု၊ ထပ်မံတိုးချဲ့ဆောင်ရွက်မည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် တောဆင်ရိုင်းများကို တရားမဝင်သတ်ဖြတ်မှု ဖြစ်စဉ်များအပေါ် အရေးယူဆောင်ရွက်မှုတို့ကို တင်ပြသည်။

မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ဆင်စခန်းပတ်ဝန်းကျင် သစ်ပင်စိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်၊ ပြည်သစ်ထုတ်ရေးဒေသ၊ သစ်ထုတ်ပြီးအကွက်များ၌ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆင်ကျန်းမာရေး အထူးဂရုစိုက်ဆောင်ရွက်ရေး၊ ဆင်များ အစားအစာကျွေးမွေးရာ၌ အာဟာရပြည့်စုံလုံလောက်မှုရှိစေရန် တွက်ချက်ကျွေးမွေးဆောင်ရွက်ရေး၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဆင်စခန်းများ တစ်ခုနှင့်တစ်ခု အချိတ်အဆက်ရှိစေရေး ကွန်ရက်(Network)တစ်ခု တည်ထောင်ဆောင်ရွက်ရေး၊ အပန်းဖြေလာရောက်ကြသည့် ပြည်သူများ ဘေးအန္တရာယ်မရှိစေရေး၊ ပြည်သူများ ဆင်အကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ ဆင်များအပေါ် ချစ်ခင်မြတ်နိုးလာစေရန် ပညာပေးဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တစ်နာရီရေဂါလန် ၁၅၀၀ ထွက်သည့် တွင်းတိမ်တူးဖော်ခြင်း ဆောင်ရွက်နေ

**ညောင်လေးပင် မေ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်နာရီရေဂါလန် ၁၅၀၀ ထွက်ရှိသော တွင်းတိမ်တူးခြင်းလုပ်ငန်းကို ညောင်လေးပင်မြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု အင်းပရိကျေးရွာတွင် ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မေ ၁၇ ရက်က ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းသည် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့်အတူ အချင်းလေးလက်မ၊ အနက်ပေ ၂၁၀ ရှိသော တွင်းတိမ်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယခုတူးဖော်နေသော တွင်းတိမ်သည် တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိသဖြင့် ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ သုံးနိုင်တော့မည်ဖြစ်သည်။ အဆိုပါတွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းတွင် ရေစက်ရုံအင်ဂျင်ပန့်နှင့် ဂါလန် ၁၀၀၀ ရေစုကန်တို့ ပါဝင်မည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် လေးသန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# အမေရိကန်က အီရန်အပေါ် စီးပွားရေးဒဏ်ခတ်ပါက တရုတ်ကုမ္ပဏီများအတွက် အခွင့်အလမ်းဖြစ်စေနိုင်ဟုဆို

**ပေကျင်း မေ ၂၀**
အီရန်နိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှု ပြန်လည်ပြုလုပ်ရန် အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်သည် ယင်းနိုင်ငံနှင့် စီးပွားရေးဆက်ဆံလိုသည့် ဥရောပ ရင်းနှီးမြှုပ်နှံသူများကို ခြောက်လှန့်ရာရောက်စေသော်လည်း တရုတ် စီးပွားရေးလုပ်ငန်းများအတွက် ယင်းနိုင်ငံနှင့် စီးပွားရေးဆက်ဆံမှု တိုးမြှင့်ပြုလုပ်လာစေရန် အထောက်အကူ ပြုလိမ့်မည်ဖြစ်ကြောင်း စီးပွားရေးလေ့လာဆန်းစစ်သူများ၏ ပြောကြားချက်ကို ကိုးကားလျက် အေအက်ဖ်ပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် အီရန်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် အခိုင်အမာ ရပ်တည်နေပြီး ယင်းနိုင်ငံမှ ရေနံစိမ်းကို အများဆုံး ဝယ်ယူနေသော နိုင်ငံလည်းဖြစ်သည်။ အမေရိကန်က အီရန်အပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများ ပြုလုပ်လာလျှင် တရုတ်နိုင်ငံက ယင်းနိုင်ငံ၏ အစိုးရအဖွဲ့နှင့် ပိုမိုလက်တွဲ လုပ်ကိုင်လာမည့် လက္ခဏာများကို တွေ့မြင်ရကြောင်း မြို့တော်ပေကျင်းအခြေစိုက် စီးပွားရေးပညာရှင် ဟူရှင့်ဒူက ပြောကြားသည်။

အီရန်၏ နျူကလီးယား အစီအစဉ်ကို ထိန်းချုပ်ကန့်သတ်ရန် ရည်ရွယ်သော ၂၀၁၅ ခုနှစ် နိုင်ငံတကာ သဘောတူညီချက်တွင် တရုတ်နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူညီချက်အရ အီရန်အပေါ် စီးပွားရေးဒဏ်ခတ်မှု အစီအစဉ်များကို ပြန်လည်ဖြေလျှော့ပေးရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

သို့ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အဆိုပါ သဘောတူညီချက်မှ နုတ်ထွက်ရန်လည်းကောင်း၊ အီရန်နိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှု ပြန်လည်ပြုလုပ်ရန်လည်းကောင်း ယခုလအစောပိုင်းတွင် ခြိမ်းခြောက်ပြောဆိုခဲ့သည်။

အမေရိကန်က အီရန်နိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့လာပါက အမေရိကန်၊ ဥရောပနှင့် ဂျပန်ကုမ္ပဏီများမှာ ယင်းနိုင်ငံနှင့် စီးပွားရေးဆက်ဆံရန် နောက်တွန့်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်၏ ခြေလှမ်းသည် တရုတ်စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ဖြစ်ပေါ်စေနိုင်ကြောင်း စီးပွားရေးပညာရှင် ဟူရှင့်ဒူက သုံးသပ်သည်။



အီရန်ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်ရန် တရုတ်စီးပွားရေးလုပ်ငန်းများနှင့် ရရှိထားသော ကန်ထရိုက်စာချုပ်များ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ၂၀၁၇ ခုနှစ် ဇွန်လ အခြေပြစာရင်းအရ ဒေါ်လာ ၃၆ ဘီလီယံ ရှိသည်။ တရုတ်နိုင်ငံသည် စက်တင်ဘာလတွင် အီရန်ဘဏ်ငါးခုကို ချေးငွေ ဒေါ်လာ ၁၀ ဘီလီယံ ထုတ်ချေးပေးခဲ့ကြောင်း၊ မတ်လတွင် ရရှိခဲ့သော သဘောတူညီချက်အရ ဒေါ်လာသန်း ၇၀၀ ရင်းနှီးမြှုပ်နှံမည့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို အီရန်တွင် တရုတ်နိုင်ငံက ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**



# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကို ဖျက်သိမ်းမည်ဟု ပြုံယမ်း၏ ခြိမ်းခြောက်မှုနှင့်ပတ်သက်ပြီး ဆွေးနွေး

**ဆိုးလ် မေ ၂၀**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယားသမ္မတမွန်းဂျေအင်းတို့သည် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကျင်းပမှုနှင့် ပတ်သက်ပြီး ပြုံယမ်း၏ ခြိမ်းခြောက်မှုအပေါ် ဆွေးနွေးခဲ့ကြကြောင်း တောင်ကိုရီးယား သမ္မတရုံးတာဝန်ရှိသူများက ဆိုသည်။

ယနေ့တွင် ခေါင်းဆောင်နှစ်ဦးက တယ်လီဖုန်းမှတစ်ဆင့် အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း တောင်ကိုရီးယား သမ္မတရုံးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်တွင် ပြုံယမ်းက အမေရိကန်အနေဖြင့် ၎င်း၏ နျူကလီးယားလက်နက်စွန့်ပယ်ရေးနှင့်ပတ်သက်ပြီး တစ်ဖက်သတ်ဖိအားပေးမှုများ လုပ်ဆောင်ပါက ဇွန် ၁၂ ရက်တွင် ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်စကားဆိုခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးကို အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကြောင့် ပြုံယမ်းက တက်ရောက်ခဲ့ခြင်းမရှိပေ။ ထို့ပြင် အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရပ်တန့်ပစ်ပါက ဝန်ကြီးအဆင့်အစည်းအဝေးပွဲကို တက်ရောက်မည်ဟု ပြုံယမ်းက တောင်းဆိုခဲ့သည်။

သမ္မတ ထရန့်နှင့် သမ္မတ မွန်းတို့သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဖြစ်နိုင်ခြေရှိသော တောင်းဆိုမှုများနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်ဟု ယုံကြည်ရသည်။

အမေရိကန်-မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ အနီးကပ်ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်နိုင်ခြင်းနှင့်ပတ်သက်ပြီး သမ္မတ ထရန့်နှင့် သမ္မတ မွန်းတို့က သဘောတူညီခဲ့ကြသည်ဟု တောင်ကိုရီးယားနိုင်ငံ သမ္မတရုံးက ဆိုသည်။

မေ ၂၂ ရက်တွင် သမ္မတ ထရန့်နှင့် သမ္မတ မွန်းတို့သည် ဝါရှင်တန်မြို့တွင် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# သီရိလင်္ကာ၌ ခွဲထွက်ရေးလှုပ်ရှားမှု ပြန်လည်ပြုလုပ်နိုင်ရေး တမီးလ်အစွန်းရောက်များ အင်အားစုစည်းနေဟုဆို

**ကိုလံဘို မေ ၂၀**
မိမိတို့နိုင်ငံအတွင်း ခွဲထွက်ရေးလှုပ်ရှားမှု ပြန်လည်ပြုလုပ်နိုင်ရေးအတွက် ပြည်ပရောက် တမီးလ်အစွန်းရောက်များက အင်အားပြန်လည်စုစည်းနိုင်ရန် လုပ်ဆောင်လျက်ရှိကြကြောင်း သီရိလင်္ကာသမ္မတ မေသီရိပါလာ သီရိသေနာက ယနေ့တွင် သတိပေးပြောကြားလိုက်သည်။

အစိုးရတပ်ဖွဲ့သည် တမီးလ်သူပုန်အဖွဲ့အပေါ် စစ်ရေးအရ အောင်မြင်စွာ ချေမှုန်းနိုင်ခဲ့သော်လည်း ယင်းသူပုန်အဖွဲ့၏ ဝါဒသဘောတရားရေးရာအပေါ် အောင်ပွဲခံအနိုင်ရခြင်း မရှိခဲ့ကြောင်း၊ တမီးလ် အစွန်းရောက်တို့၏ ခွဲထွက်ရေး အယူအဆမှာ ရှင်သန်နေဆဲဖြစ်ကြောင်း သီရိလင်္ကာ ပြည်တွင်းစစ်ပြီးဆုံးမှု (၉)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတစ်ရပ်တွင် သမ္မတသီရိသေနာက ပြောကြားသည်။

တမီးလ်လွတ်မြောက်ရေး ကျားသူပုန်အဖွဲ့ (အယ်လ်တီတီအီး)၏ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များကို မိမိတို့က ချေမှုန်းနိုင်ခဲ့သော်လည်း ယင်းအဖွဲ့၏ ဝါဒသဘောတရားမှာ ဆက်လက်ရှင်သန်နေပြီး ပြည်ပရောက် တမီးလ်အစွန်းရောက်များက အင်အားပြန်လည်စုစည်းနိုင်ရန် ကြိုးပမ်းနေကြကာ ခွဲထွက်ရေးလှုပ်ရှားမှုအပေါ် မျှော်လင့်ချက်ထားရှိနေကြဆဲဖြစ်ကြောင်း သမ္မတ သီရိသေနာက သတိပေးပြောကြားသည်။

ပြည်ပရောက် တမီးလ်အစွန်းရောက်များသည် အင်အားပြန်လည် စုစည်းနိုင်ရန် တက်ကြွစွာ စည်းရုံးလှုပ်ရှားနေဆဲဖြစ်ကြောင်း၊ မိမိသည် လွန်ခဲ့သည့်လက ဓနသဟာယ ထိပ်သီးညီလာခံတက်ရောက်ရန် ဗြိတိန်နိုင်ငံ လန်ဒန်သို့ သွားရောက်ခဲ့ရာတွင် တမီးလ်နွယ်ဖွားတို့၏ ဆန္ဒပြမှုကို တွေ့ကြုံခဲ့ရကြောင်း သမ္မတ သီရိသေနာက ဆက်လက်ပြောကြားသည်။

၂၀၀၉ ခုနှစ် မေလ ၁၈ ရက်တွင် တမီးလ်သူပုန်အဖွဲ့၏ ထိပ်တန်းခေါင်းဆောင် ဗီလူပီလေး ပရာဘာခါရန်ကို အသေဖမ်းဆီးရမိခဲ့သည်။

သီရိလင်္ကာအစိုးရတပ်ဖွဲ့သည် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သောပြည်တွင်းစစ်၏ ဇာတ်သိမ်းပိုင်းတွင် ကြီးကျယ်သော ထိုးစစ်ဆင်နွှဲကာ စစ်ရေးအရ အောင်ပွဲခံခဲ့သည်။ ပြည်တွင်းစစ်၏ နောက်ဆုံးနေ့ရက်များအတွင်း အစိုးရတပ်ဖွဲ့က လူ့အခွင့်အရေး ချိုးဖောက်မှုများရှိခဲ့သည်ဟု လူ့အခွင့်အရေးအဖွဲ့များ၏ စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။

သီရိလင်္ကာပြည်တွင်းစစ်ကြောင့် စုစုပေါင်း လူ ၁၀၀၀၀၀ ခန့် သေဆုံးခဲ့ရသည်ဟု နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများက ပြောကြားခဲ့ကြသော်လည်း အစိုးရ၏ တရားဝင်စာရင်းအင်းကိန်းဂဏန်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင် ၂၈၇၀၈ ဦး သေဆုံးခဲ့ရပြီး လူပေါင်း ၄၀၁၀၇ ဦး ဒဏ်ရာရရှိသည်ဟု သိရသည်။

**အေအက်ဖ်ပီ**



# ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားခြင်းမှ ရှောင်လွှဲရန် တရုတ်နှင့်အမေရိကန် သဘောတူညီ

**ဝါရှင်တန် မေ ၂၀**
မည်သည့်ကုန်သွယ်ရေးစစ်ပွဲမျိုးကိုမဆို ဖြစ်ပွားခြင်းမှ နှစ်နိုင်ငံရှောင်လွှဲကြရန် တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ သဘောတူညီလိုက်ကြကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟဲက ယနေ့တွင် ပြောကြားလိုက်သည်။

မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားခြင်းမှ ရှောင်လွှဲကြရန် သဘောတူညီမှု ရရှိပြီဖြစ်ရာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ သွင်းကုန်ခွန်ကြီးလေးစွာ ကောက်ယူခြင်းမှ ရပ်ဆိုင်းကြမည်ဖြစ်ကြောင်း လွန်ခဲ့သည့် ရက်သတ္တပတ်က ဝါရှင်တန်၌ ကျင်းပခဲ့သော နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲတွင် တရုတ်ကိုယ်စားလှယ်အဖွဲ့ကိုဦးဆောင်ခဲ့သူ ခေါင်းဆောင် လျူဟဲက ပြောကြားသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မူနူးချင်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟဲတို့သည် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို မေ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဝါရှင်တန်၌ ပြုလုပ်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ပေးရာတွင် အနာဂတ်နိုင်ငံတော်အတွက် တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုအရပ်ရပ်ကို ဖြေရှင်းအောင်မြင်မည့် လူသားစွမ်းရည်ထက်မြက်ပြည့်ဝသူများအဖြစ် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ အနေဖြင့်လည်း မောင်မယ်တို့ကဲ့သို့ အမျိုးသားရေးစိတ်ဓာတ် အခြေခံကောင်းများရှိသည့် ဘက်စုံထူးချွန်မောင်မယ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးကို အမျိုးသားရေးကဏ္ဍတစ်ရပ်အဖြစ် ဦးစားပေးတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မောင်မယ်တို့ကဲ့သို့ အနာဂတ်တွင် တိုင်းပြည်တာဝန်ယူကြရမည့် လူငယ်များ၏လက်ထဲသို့ နိုင်ငံ့တာဝန်များ လွှဲပြောင်းပေးကြရသည့်အခါ အနာဂတ်နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် အမျိုးသားရေး သွေးစည်းညီညွတ်မှု ခိုင်ခိုင်မာမာရှိသည့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေသည့် လူ့အဖွဲ့အစည်းတစ်ရပ်အား ထုဆစ်ပုံဖော်ပေးနိုင်ရမည်ဆိုသည့် အသိတရားကို လူငယ်လူရွယ်များ၏ နှလုံးသားထဲထိရောက်အောင် လက်ဆင့်ကမ်းအမွေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအတွက်



အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မခင်စံပယ်အောင်နှင့် လေကြောင်းလူငယ်သင်တန်းမှ မပြည့်ပြည့်ဖြိုးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော်ရှိ စစ်သမိုင်းပြတိုက်သို့သွားရောက်၍ ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြကွက်များအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၁၈)နှင့် လေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၁၈)တို့ကို ရေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းဌာနချုပ်များတွင် ၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းကာလနောက်ဆုံးပတ်တွင် သင်တန်းစခန်းများ ပေါင်းဆုံ၍ စခန်းပေါင်းစုံပြိုင်ပွဲများပြုလုပ်ခြင်း၊ လေ့လာရေးခရီးသွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ရေကြောင်းနှင့် လေကြောင်းလူငယ် သင်တန်းများကို ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အခြေခံသင်တန်းတက်ပြီးသော လူငယ်များအတွက် တန်းမြင့်သင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ ရေကြောင်းလူငယ် အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၁၄၄၄ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်ပြီးသူ ၅၂၆ ဦး စုစုပေါင်း ၁၉၇၀ ရှိပြီး လေကြောင်းလူငယ် အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၂၀၃၆ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်ပြီးသူ ၁၆၀ စုစုပေါင်း ၂၁၉၆ ဦးတို့ကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ထောက်ပံ့မှုများဆောင်ရွက်

**နေပြည်တော် မေ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ရွှေစည်းခုံစေတီတော်နှင့် ဆုတောင်းပြည့်စေတီတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ရန်ကင်းကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသအား သွားရောက် ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မသန်စွမ်းသူများ၊ မိခင်ဝိုင်းများနှင့် သုံးမြွှာပူးမွေးမိခင်များအား ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကျေးဇူးတင် နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မုံရွာခရိုင်အတွင်းရှိ မသန်စွမ်းသူများအတွက် ထောက်ပံ့ကြေးငွေ ၂၉၄ သိန်း၊ ရောင်ခြည်သစ်မျက်မမြင်ပရဟိတဂေဟာအတွက် ငွေကျပ် ၉ ဒသမ ၉ သိန်း၊ မိခင်ဝိုင်းများ တည်ထောင်နိုင်ရန်အတွက် ထောက်ပံ့ကြေးငွေကျပ် ၃၀၆ သိန်း၊ သုံးမြွှာပူးမွေးဖွားမိခင်များအတွက် ထောက်ပံ့ကြေးငွေကျပ် ၁၅ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မုံရွာခရိုင်အတွင်းရှိ မသန်စွမ်းသူများကိုယ်စား မသန်စွမ်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သလ္လာပရဟိတဂေဟာသို့ ရောက်ရှိပြီး ကြီးကြပ်မှုကော်မတီနှင့် တွေ့ဆုံကာ ဂေဟာအတွက် ထောက်ပံ့ကြေးငွေကျပ် ၆၁ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးသို့ ရောက်ရှိပြီး သိုလှောင်ရုံအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တွေ့ဆုံကာ တိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကိစ္စရပ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု



ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာ ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး ကြီးကြပ်မှုကော်မတီနှင့်တွေ့ဆုံကာ ထောက်ပံ့ကြေးငွေကျပ် ၇၇ သိန်းအား ပေးအပ်ခဲ့ပြီး ရိပ်သာအတွင်းရှိ ဘိုးဘွားများအား လှည့်လည်ကြည့်ရှု အားပေးသည်။ ဆက်လက်၍ ချောင်းဦးမြို့ အမျိုးသမီးစောင့်ရှောက်ရေး ပရဟိတဂေဟာသို့ရောက်ရှိရာ ဂေဟာတွင် စောင့်ရှောက်ထားရှိသည့် အမျိုးသမီးငယ်များအား အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ကြေးငွေကျပ် သိန်း ၇၀ အား ပေးအပ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယနေ့ထောက်ပံ့ပေးအပ်ငွေမှာ စုစုပေါင်း ငွေကျပ် ၇၇၁၉၉၁၀၀ ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြင်းမူမြို့နယ် လူမှုဝန်ထမ်းရုံး တည်ဆောက်မည့် မြေနေရာသို့ ဝင်ရောက်ကြည့်ရှုသည်။ ထိုမှတစ်ဆင့် ရွှေရတုတိပိဋကစက္ခုပါလ မျက်စိဆေးရုံတော်ကြီးသို့ ဝင်ရောက်ကာ မျက်စိဝေဒနာရှင်များအား ဆေးကုသပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး ရွှေရတုတိပိဋက ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စစ်ကိုင်း မျက်မမြင်ကျောင်းသို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုကာ တာဝန်ရှိဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျိုက်လတ်တွင် သစ်စိမ်းမြေဩဇာကြဲပက်ပွဲ ကျင်းပ

**ကျိုက်လတ် မေ ၂၀**

စိုက်ပျိုးရေးဆိုင်ရာ ဘက်စုံနည်းပညာအသုံးပြုလျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စုတွင် သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက်ပိုင်းက တောင်သူဦးလှထွန်းအောင်၏လယ်တွင် ကျင်းပရာ ကျိုက်လတ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦး၊ တာဝန်ရှိသူများ၊ တောင်သူ ၆၂ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံတို့က သစ်စိမ်းမြေဩဇာကြဲပက်မှုနှင့် စိုက်ပျိုးရေးအသိပညာများ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

# ပြည်သူနှင့်အတူ ဆောင်ရွက်သည့် ကျေးလက်ရေပေးရေးစနစ်

ခင်အောင်သိန်း (အညာမြေ)

လွန်ခဲ့သည့်တစ်လခန့်က၊ တိတိကျကျဆိုရလျှင်တော့ ယခုနှစ် ဧပြီ ၁၁ ရက်ကပါ။ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စု ပေတောကျေးရွာမှာ ပြည်သူလူထုအခြေပြု နေရောင်ခြည်စွမ်းအင်သုံး အိမ်တိုင်ရာရောက် ရေမီတာတပ် ပိုက်လိုင်းရေပေးရေးစနစ်ဖွင့်ပွဲနှင့် ပန့်အရန်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ရပါတယ်။ ဖွင့်ပွဲလို့ ပြောပေသည့် ထုံးစံအတိုင်း ပါဝင်လေ့ရှိသည့် မိုးပျံပူဖောင်းတွေလည်း မလွှတ်ပါဘူး။ ဖဲကြိုးတွေလည်း မဖြတ်ပါဘူး။ ဒီတော့ ဗန်းကိုင်၊ ကတ်ကြေးကိုင်၊ ဖဲကြိုးကိုင်တွေ မလိုတော့ပါ။ တာဝန်ရှိသူများက အသီးသီးပြောကြား။ ထူးနေတာက "ပေတော၏ဖိတ်ခေါ်သံ" သီချင်းကို ကျေးရွာမှ အသက် ၅၀ ကျော်တွေက သီဆိုဖြေဖျော်တာပါ။ နောက်တော့ အရန်ပစ္စည်းတွေကို လွှဲပြောင်းပေးအပ်ပြီး တက်ရောက်လာသူအားလုံးကို ထမင်းဖြင့် တည်ခင်းဧည့်ခံခဲ့တာပါ။

ပေတောကျေးရွာဆိုတာ ရေနံချောင်းနဲ့ မကွေးမြို့နယ် အစပ်နားမှာပါ။ မကွေးဘက်က လာမယ်ဆိုရင် ဒေါင်းနေချောင်းတံတားကျော်ပြီး မကြာခင်မှာ ဘယ်ဘက်ထဲကို ချိုးကွေ့ဝင်သွားရမှာပါ။ ကားနဲ့ဆို ၂၅ မိနစ်လောက်တော့ မောင်းရပါလိမ့်မယ်။ မြစ်ကြီးဧရာဝတီဘေးမှာလို့ ပြောလို့ရပါတယ်။

ရေစနစ်က ရေမီတာတပ်ဆင်ထားတဲ့ ပိုက်လိုင်းရေပေးရေးစနစ်ပါ။ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်တို့ ပူးတွဲအကောင်အထည်ဖော်ထားတာပါ။ ၂၀၁၇ ခုနှစ် မေလခန့်ကစတင်ပြီး အကောင်အထည်ဖော်ထားတဲ့ စနစ်ပါ။ ရေကို နေရောင်ခြည်စွမ်းအင်သုံး ရေတင်ပန့်နဲ့ တင်တဲ့စနစ်ဖြစ်ပြီး အလိုအလျောက် ထိန်းချုပ်စနစ်တွေ ပါဝင်နေတဲ့အတွက် နေ့တိုင်း လူတစ်ဦးဦးက စောင့်ဆိုင်းမောင်းနှင်ရန်မလိုအပ်ပါ။ နေရောင်ခြည် (အလင်းရောင်) ရပြီဆိုတာနဲ့ ပန့်က စတင်လည်ပတ်ပါတယ်။ အလင်းရောင်နည်းသော်လည်း ပန့်ကို လည်ပတ်စေရန် စီစဉ်ထားပေးထားပါတယ်။ ရေလှောင်ကန်မှာ ရေပြည့်သွားပြီဆိုရင်လည်း ပန့်က အလိုအလျောက်ရပ်သွားပြီး ရေလျော့သွားတာနဲ့တစ်ပြိုင်နက် စတင်လည်ပတ်ပါတော့တယ်။

အခမ်းအနားမှာ နောက်ဆုံးပြောကြားသူကတော့ ရေကော်မတီနာယက ဦးအောင်နိုင်ဝင်းပါ။ ကျေးရွာ၏ ခံစားခဲ့ရပုံများကို ပြောသွားတာပါ။ သူပြောသွားတဲ့ အချက်များစွာထဲက အချက်အချို့ကတော့ "ကျွန်တော်တို့ ကျေးရွာရဲ့အခက်အခဲလေးတစ်ခုကို တင်ပြချင်ပါတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ကျေးရွာဟာ ဧရာဝတီမြစ်ကမ်းဘေးမှာရှိပေမယ့် အခုလိုနွေရာသီကာလမှာ ရွာနဲ့ မြစ် ဝေးပါတယ်၊ ရေတစ်စည်လောက်ကိုရဖို့ မိသားစု တစ်စု တစ်မနက်စာ သွားရောက်ခပ်ယူမှရပါတယ်၊ လွယ်လွယ်နဲ့တော့ မရပါဘူး၊ မိုးတွင်းမှာ ရွာအနီး ရေရောက်နေတယ်ဆိုပေမယ့်လည်း မြစ်ရေက နောက်ကျိနေပါတယ်၊ သုံးစွဲလို့မရပါဘူး၊ အခက်အခဲဖြစ်ပါတယ်၊ အခုတော့ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်ထားတဲ့ ရေမီတာသုံး ပိုက်လိုင်းရေပေးရေးစနစ်ကြောင့် အခက်အခဲဆိုတာ မရှိတော့ပါဘူး"လို့ ပြောကြားနေသံ ကြားယောင်နေမိတယ်။

အမှန်စင်စစ် ရေနံချောင်းမြို့နယ်ဟာ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန်အတွင်း ကျရောက်နေပြီး မြစ်မင်းဧရာဝတီဟာ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ သို့ရာတွင် ဧရာဝတီမြစ်ရဲ့ ရေစီးဆင်းမှုပမာဏဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်ခန့်ကစပြီး တဖြည်းဖြည်းလျော့ကျလာကြောင်း သုတေသနစာတမ်းတွေက ဖော်ပြလျက်ရှိပါတယ်။ မိုးရွာသွန်းမှုရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ မုတ်သုံရာသီဖြစ်တဲ့ မေလမှ အောက်တိုဘာလအတွင်း ဖြစ်ပါတယ်။ အပူပိုင်းဇုန်ဖြစ်နေတဲ့အပြင် အခြားအချက်တွေဖြစ်တဲ့ ရေငွေ့ပျံနှုန်းများပြားခြင်း၊ စိုထိုင်းဆနည်းခြင်း၊ အပူချိန်မြင့်မားခြင်း၊ သဲဆန်သော မြေများဖြစ်ခြင်း၊ အပေါ်ယံမြေဆီလွှာပါးလွှာခြင်း၊ တိုက်စားခံထားရသော မြေမျက်နှာသွင်ပြင်များဖြစ်နေခြင်း၊ သစ်တောသစ်ပင် ဖုံးလွှမ်းမှုကျဲပါးခြင်း၊ နေရာအများစုတွင် အပေါ်ယံမြေအောက်ရေချိုရရှိရန် အလားအလာနည်းခြင်း စသည်တို့သည်လည်း လက်ရှိအမှန်တရားများ ဖြစ်ကြပါတယ်။ ဩဂုတ်လနဲ့ စက်တင်ဘာလကလွဲပြီး ကျန်လတွေမှာ ရေငွေ့ပျံနှုန်းဟာရရှိနိုင်မယ့် မိုးရေချိန်ပမာဏထက် ကျော်လွန်နေကြောင်း ဖော်ပြထားတာကိုလည်း ဖတ်ရှုရပါတယ်။

မြစ်ကြီးဧရာဝတီကို ဖြတ်သန်းတည်ဆောက်ထားတဲ့ ဧရာဝတီတံတား(မကွေး)တံတားပေါ်မှာ လမ်းလျှောက်ဖို့ အခွင့်အရေး ဧပြီလထဲမှာပဲ ရခဲ့ပါတယ်။ နံနက်ပိုင်းမှာ လူသွားလမ်းအတိုင်း မကွေးဘက်မှ မင်းဘူးဘက်သို့ လမ်းလျှောက်သွားခဲ့ပါတယ်။ သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနဲ့ လျှောက်သွားလိုက်တာ မင်းဘူးဘက်ကမ်းအနီးထိပါ။ တံတားပေါ်ကနေ မြစ်ရေကို သေချာကြည့်လိုက်တော့ မင်းဘူးဘက်ခြမ်းကတော့ စီးနေပေမယ့် မကွေးဘက်ခြမ်းကတော့ သိပ်မစီးပါဘူး။ ရေအိုင်ကြီးတစ်ခုလို ဖြစ်နေပါတယ်။ လိုအပ်ချက်အရ တူးမြောင်းတူးပြီး ရေကိုသွယ်ယူထားဟန်တူပါတယ်။ အလယ်မှာတော့ အများသိကြတဲ့အတိုင်း သောင်ခုံကြီးပေါ့။ ပညာရှင်များ ဖော်ပြထားသလို ဟုတ်၊ မဟုတ်ဆိုတာကတော့ ဩဂုတ်လနဲ့ စက်တင်ဘာလထဲမှာ မကွေးကို အကြောင်းရှာပြီးသွားကာ ဧရာဝတီမြစ်ကြီးကို သွားကြည့်ရပါဦးမယ်။ ဘာပဲပြောပြော ကျေးရွာတွေဟာ ဧရာဝတီမြစ်ဘေးမှာ တည်ရှိနေတယ်ဆိုပေမယ့် သောက်သုံးရေရှားပါးနိုင်တယ် ဆိုတာကိုပါ။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တွေအရ ချမှတ်ထားတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals) ၁၇ ခုအနက် ရေနဲ့ပတ်သက်တဲ့ ပန်းတိုင်ကတော့ ပန်းတိုင်-၆ ပါ။ အချိန်ကာလအားဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ကာလအထိဖြစ်ပါတယ်။ ပန်းတိုင်-၆ မှာ ဘယ်လို အတိုချုပ်ဖော်ပြတာကတော့ "လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သောစီမံခန့်ခွဲမှု"ပါတဲ့။

**ပန်းတိုင်-၆ ၏ ရည်မှန်းချက်များမှာ-**

၂၀၃၀ ပြည့်နှစ်အရောက်မှာ လူသားအားလုံး သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေ လုံလောက်မှုတစ်စွာ ရရှိနေရပါမယ်။

၂၀၃၀ ပြည့်နှစ်အရောက်မှာ လူသားအားလုံး ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး လုံလောက်မှုတစ်စွာရရှိနေရပါမယ်။ ပတ်ဝန်းကျင်တွင် အပေါ့အလေးသွားတဲ့ အလေ့အထတွေ ပပျောက်စေရပါမယ်။ အမျိုးသမီးများ၊ မိန်းကလေးတွေနဲ့ ထိခိုက်လွယ်သည့်အခြေအနေရှိသူတွေရဲ့ လိုအပ်ချက်များကို အထူးအလေးထား ဆောင်ရွက်လျက်ရှိရပါမယ်။

၂၀၃၀ ပြည့်နှစ်အရောက်မှာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ပါးစေခြင်း၊ အမှိုက်စုပုံမှု ပပျောက်စေခြင်း၊ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းများ စွန့်ပစ်မှု အနည်းဆုံးဖြစ်စေခြင်း၊ သန့်စင်ခြင်းမပြုဘဲ စွန့်ပစ်သော ရေဆိုးပမာဏ ထက်ဝက်အထိ လျှော့ချခြင်းနှင့် ကမ္ဘာတစ်ဝန်း သုံးပြီးတဲ့ရေတွေကို သန့်စင်စေပြီး ဘေးကင်းစွာ ပြန်လည်အသုံးပြုနိုင်စေရန် စီမံခြင်း တို့ဖြင့် ရေအရည်အသွေးကို ပိုမိုကောင်းမွန်စေရပါမယ်။

ကဏ္ဍတိုင်းမှာ ရေသုံးစွဲမှုစနစ် ပိုမိုထိရောက်စွာ ရှိစေရပါမယ်။ ရေရှားပါးမှုဒဏ်ခံစားရတဲ့ လူဦးရေ သိသိသာသာ လျော့ကျစေရပါမယ်။ ရေသယံဇာတ ရှားပါးလာလို့ ရေရှည်ခံမယ့် ရေချိုတွေ ထုတ်ယူသုံးစွဲခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို စီမံထားရှိရပါမယ်။

သင့်လျော်တဲ့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေအပါအဝင် အဆင့်တိုင်းမှာ ဘက်စုံထောင့်စုံမှ စဉ်းစားထားတဲ့ ရေသယံဇာတစီမံခန့်ခွဲမှုတွေ ရှိနေရပါမယ်။

ရေအိုင်တွေ၊ မြေအောက်ရေအောင်းလွှာတွေ၊ ရွံ့ညွန်တောတွေ၊ သစ်တောတွေ၊ တောင်ကုန်းတောင်တန်းတွေ စတဲ့ ရေနဲ့ဆက်စပ်နေတဲ့ ဂေဟစနစ်ကြီးတစ်ခုလုံး ပြန်လည်ကောင်းမွန်လာစေရန် ကာကွယ်ထားပြီး ဖြစ်နေစေရပါမယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုကျယ်ပြန့်လျက် ရှိရပါမယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ရေဆိုးတွေကို ပြန်လည်သန့်စင်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်ရေတွေကို ပြန်လည်သန့်စင်ခြင်း၊ ရေသုံးစွဲမှုတွေ ပိုမိုထိရောက်စေခြင်း၊ ဆားငန်ရေကို ရေချိုအဖြစ် ပြောင်းလဲခြင်း၊ မိုးရေအပါအဝင် ရေကို စနစ်တကျ စုဆောင်းခြင်း စတဲ့ ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာလုပ်ငန်းတွေ၊ အစီအစဉ်တွေနဲ့ နည်းပညာပိုင်းဆိုင်ရာတွေကို ပံ့ပိုးပေးနေရပါမယ်။

ဒေသခံပြည်သူတွေကို ရေနဲ့ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာစီမံခန့်ခွဲမှုတွေမှာ ပါဝင်လာစေရေးနဲ့ ပိုမိုတောင့်တင်းခိုင်မာစေရေးအတွက် ပံ့ပိုးပေးလျက်ရှိရပါမယ်။

**ပန်းတိုင်အမှတ်-၆ မှာ ဖော်ပြထားတဲ့ သန့်ရှင်းသော သောက်သုံးရေဆိုတာ-**

(က) ရေပင်ရေရင်းဟာ မိမိအိမ်ခြံဝင်းအတွင်းမှာ ရှိရမယ်တဲ့။ (တို့အိမ်ထဲမှာ တုံကင်တွင်းတူးတာပဲရှိနေတာပဲလေလို့ ပြောလို့မရဘူး၊ ဆိုလိုတာက ပိုက်လိုင်းစနစ်ကို ပြောတာ)။

(ခ) လိုချင်တဲ့အခါ ရရမယ်တဲ့။(ဟေ့ မီးလာပြီနော် ရေတင်ထားဦး၊ ညကျရင် သတိနဲ့အိပ်၊ ရေလာတုန်း တင်ထားဖို့မမေ့နဲ့။ အဲသလို အသံတွေကြားနေရရင် မဟုတ်သေးဘူး)။

(ဂ) ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့။ ဘေးဥပဒ်ဖြစ်နိုင်တဲ့ ဓာတုပစ္စည်းတွေနဲ့ ပိုးမွှားတွေ မပါဝင်ရဘူးတဲ့။

တစ်ခါတုန်းက ရွာမှာ ရေကောင်းရေသန့်အကြောင်း ဆွေးနွေးပွဲလုပ်တော့ အသက် ၇၀ ကျော် အဘိုးတစ်ယောက်က မေးတယ်၊ "ဟေ့ ငါ့တူ မင်းအသက် ဘယ်လောက်ရှိပြီလဲ၊ ငါဒီရေကိုပဲ သောက်လာတာ ၇၀ ကျော်ပြီကွ၊ ဘာမှမဖြစ်ဘူး၊ မင်းပြောမှပဲ ဒီရေကို မသောက်သင့်ဘူးဆိုတော့ မင်းလာထမ်းထည့်ပေးမှာလား"တဲ့။ ကျုပ်ကတော့ ပညာရှင်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ဒီရေပဲသောက်နေတာ၊ ကိုယ်တိုင်သောက်ပြမယ် ဆိုတာမျိုးလည်းမဟုတ်ပါ။ ဦးစားပေးစမ်းသပ်စစ်ဆေးရမယ့် အချက်တွေကို ဆိုလိုတာပါ။

နောက်တစ်ချက်က WHO and UNICEF Joint Monitoring Programme 2017 ၏ ဇယားထဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံ ဘယ်လိုအခြေအနေရှိသလဲ လို့ကြည့်လိုက်တော့ ၂၀၁၅ ခုနှစ်တွင် ကျေးလက်ဒေသတွေမှာ (က) အချက်နဲ့ကိုက်ညီတဲ့ ကျေးလက်ဒေသတွေမှာ ၄၁ ရာခိုင်နှုန်းတဲ့။ ပိုက်လိုင်းကတော့ ကိုးရာခိုင်နှုန်းဖြစ်ပြီး ပိုက်လိုင်းမဟုတ်တာကတော့ ၆၆ ရာခိုင်နှုန်းတဲ့။ သို့ပေမယ့် အချက် (ခ) နှင့် (ဂ) တို့မှာ မည်သည့်အချက်အလက်မှ မရှိပါ။

ကျေးလက်ဒေသတွေမှာ ရေမီတာသုံး ပိုက်လိုင်းရေပေးရေးစနစ်တွေ ပေါ်ပေါက်လာပြီး တစ်ရက်လျှင် ၂၄ နာရီ၊ ရက်သတ္တတစ်ပတ်လျှင် ခုနစ်ရက် ပေးနိုင်ပြီဆိုလျှင်တော့ (၂၄/၇) အချက် (က)၊ (ခ)တို့နှင့်တော့ ကိုက်ညီနေပါပြီ။ ကျန်တဲ့ ရေအရည်အသွေး စမ်းသပ်ချက်ကလည်း အချက်(ဂ) သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးလိုက်ရင် အဆင်ပြေသွားမယ်လို့ မျှော်လင့်ရပါတယ်။

မြန်မာနိုင်ငံမှာ ကျေးလက်ရေရရှိရေးနဲ့ပတ်သက်ပြီး ဘယ်လိုရှိနေခဲ့သလဲ၊ လက်ရှိ ဘယ်လိုလဲဆိုတာ လေ့လာကြည့်လိုက်တော့ ခေတ်အဆက်ဆက် ကျေးရွာရေရရှိရေး လုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ ဌာနတွေမှာ-

၁၉၅၂ - ကျေးလက်ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဘုတ်အဖွဲ့၊ လူမှုဝန်ထမ်းဝန်ကြီးဌာန။

၁၉၅၃ - ကျေးလက်ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေပေးရေးဘုတ်အဖွဲ့၊ လူမှုဝန်ထမ်းဝန်ကြီးဌာန။

၁၉၅၉ - မြေယာကျေးလက်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန။

၁၉၆၂ - ကျေးလက်ရေပေးရေးစီမံကိန်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန။

၁၉၇၂ - ကျေးရွာရေရရှိရေးဌာနခွဲ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန။

၁၉၉၅ - ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၂၀၁၅ - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလို့ ဖော်ပြထားတာတွေ့ရှိရပါတယ်။

ပေတောကျေးရွာမှာ တည်ဆောက်ပြီးစီးသုံးစွဲလျက်ရှိတဲ့ "ပြည်သူလူထုအခြေပြု ပိုက်လိုင်းရေပေးရေးစနစ်" အကြောင်းပြန်ပြောင်းပြောရရင်တော့ ရေတွင်းတူးတာက ၂၀၁၇ ခုနှစ် ဧပြီလမှ စတင်ခဲ့တာပါ၊ ကျေးလက်ရုံး (ရန်ကုန်)မှာ ပိုက်တွေ သွားရောက်သယ်ယူခြင်း၊ ရေစင်ဆောက်ခြင်း၊ ပိုက်လိုင်းဒီဇိုင်းလုပ်ခြင်းတို့ကတော့ ဒီထက်ပိုစောပါတယ်။ နောက်ဆုံး ဆိုလာပန့်တပ်လိုက်တာကတော့ အခုနှစ် ၂ လပိုင်းလောက်ကပါ။ အချိန်တစ်နှစ်ခန့်ကြာမြင့်ခဲ့ပါတယ်။ တည်ဆောက်ရေးကာလမှာ အခက်အခဲတွေ ကြုံတွေ့ခဲ့ရမယ်ဆိုတာ မေးစရာမလိုပါဘူး။ ကုန်ကျစရိတ်မှာ ငွေကျပ် ၃၄၁ ဒသမ ၅၄ သိန်းခန့်ဖြစ်ပြီး ကျေးရွာမှ ၉၄ သိန်းခန့်၊ လွှတ်တော် ရန်ပုံငွေမှ ၃၅ သိန်းနဲ့ ယူနီဆက်မှ စုစုပေါင်းပစ္စည်းတန်ဖိုး ၂၁၂ သိန်းခန့် ပါဝင်ခဲ့ပါတယ်။ တစ်အိမ်လျှင် ငွေကျပ် ၃၇၀၀၀ ခန့် ကုန်ကျမှုရှိပါတယ်။

ပေတောကျေးရွာမှာကဲ့သို့ ပြည်သူလူထုအခြေပြု ရေမီတာသုံး ပိုက်လိုင်းစနစ်တွေ အခြားသောတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း တွေ့ရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှာလည်း တွေ့ရှိရကြောင်း သိရပါတယ်။ ဘယ်ရွာမှာ ဒီလိုစနစ်မျိုး စပြီးလုပ်ခဲ့ပါသလဲလို့ မေးမြန်းကြည့်မိတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာမှာ ရေမီတာစနစ်ကို ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှာ စတင်သုံးစွဲခဲ့သည်ဟု မှတ်တမ်းတင်ထားတာ တွေ့ရှိရပါတယ်။ မကွေးတိုင်းဒေသကြီးမှာကတော့ ၂၀၀၃ ခုနှစ်ကတည်းက တည်ဆောက်သုံးစွဲနေတဲ့ လက်ယက်မရွာက ကိုခင်ဇော်ကလည်း အောင်သုခကို သွားရောက်လေ့လာပြီး လုပ်ထားတာလို့ ဖြေပါတယ်။ ထို့အတူ ၂၀၀၄ ခုနှစ်ကတည်းက တည်ဆောက်သုံးစွဲနေတဲ့ ကန်နီရွာက ကိုဉာဏ်မြင့်ကို မေးကြည့်တော့ အောင်သုခရွာက ကျွန်တော်တို့ရွာထက် စောပါတယ်၊

> ကျွန်တော်တို့ကျေးရွာဟာ ဧရာဝတီမြစ်ကမ်းဘေးမှာရှိပေမယ့် အခုလို နွေရာသီကာလမှာ ရွာနဲ့ မြစ် ဝေးပါတယ်၊ ရေတစ်စည်လောက်ကိုရဖို့ မိသားစုတစ်စု တစ်မနက်စာ သွားရောက်ခပ်ယူမှ ရပါတယ်၊ လွယ်လွယ်နဲ့တော့ မရပါဘူး၊ မိုးတွင်းမှာ ရွာအနီး ရေရောက်နေတယ်ဆိုပေမယ့်လည်း မြစ်ရေက နောက်ကျိနေပြီး သုံးစွဲလို့မရပါဘူး၊ အခက်အခဲဖြစ်ပါတယ်၊ အခုတော့ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်ထားတဲ့ ရေမီတာသုံး ပိုက်လိုင်းရေပေးရေးစနစ်ကြောင့် အခက်အခဲဆိုတာ မရှိတော့ပါဘူး။

**စာမျက်နှာ ၇ သို့**

# (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုရ စာရေးဆရာကြီးများ၏ ဝမ်းသာပီတိစကားသံများ

**မြန်မာနိုင်ငံတွင် နိုင်ငံသားတို့အတွက် အသိအမြင်၊ ဗဟုသုတတိုးပွားစေသော စာအုပ်စာပေပွားများရေး အားပေးရန်၊ ထိုသို့အားပေးရာတွင် နှစ်စဉ်စာအုပ်၊ စာမူတစ်မျိုးမျိုးကို မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာစာပေပညာရှင်ကြီးများ၏ ပါဝင်ကူညီမှုဖြင့် ရွေးချယ်၍ ချီးမြှင့်ရန်၊ မြန်မာစာပေကို ဘက်စုံဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ရေးနှင့် စာရေးဆရာတို့၏ ဘဝဖူလုံရေးကို စာပေဆုချီးမြှင့်ခြင်းဖြင့် တစ်နည်းတစ်လမ်းကူညီရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၁ ခုနှစ်မှစတင်ကာ ဆရာဝန်တင်ရွှေစာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။**


စည်သူ ဒေါက်တာသော်ကောင်း


ဒေါက်တာခင်မောင်လွင်


ဒေါက်တာလွှမ်းမိုးဟန်


ဒေါက်တာမောင်မောင်စံ


ဦးသိန်းလှိုင်


ဒေါ်သက်သက်ရွှေ

ယခုနှစ် (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ရာ ဆရာဝန်တင်ရွှေစာပေဆု အလှူရှင် မိသားစုဝင်များနှင့် ဆုရရှိသူများအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**စည်သူ ဒေါက်တာသော်ကောင်း**

ဆုရတာ အထူးဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။ စတည်ထောင်ကတည်းက ဆရာဝန်တင်ရွှေ စာပေဆုရွေးချယ်ရေးအဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ အရင်နှစ်တွေကတည်းက ဆရာ့ကိုပေးဖို့ အဖွဲ့ဝင်တွေကပြောကြပါတယ်။ ဆရာဝန်တင်ရွှေ စာပေဆုက (၁၆) ကြိမ်ရှိပြီဆိုတော့ ခိုင်မြဲသွားပါပြီ။ အဓိကဒီစာပေဆုက ရသစာပေအတွက် သိပ်မပေးပါဘူး။ တစ်ခါတလေမှပေးပါတယ်။ သုတစာပေအတွက် အဓိကပေးပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့စာအုပ်တွေကို ဦးစားပေးပါတယ်။ နှစ်တိုင်းနှစ်တိုင်း စာကောင်းပေကောင်းတွေထွက်ပါတယ်။ အမျိုးသားစာပေဆုတစ်ခုတည်းနဲ့ မလုံလောက်တဲ့ သဘောဖြစ်နေတဲ့အတွက် ပြင်ပစာပေဆုတွေကလည်း ဆုတွေချီးမြှင့်ပေးတယ်။ ရသင့်ရထိုက်တဲ့ စာအုပ်တွေ မကျန်သွားဘူး။ ခုနောက်ပိုင်း စာဖတ်ပရိသတ်တွေက ပြောတယ်၊ စာဖတ်နှုန်းကျတယ်။ စာဖတ်တဲ့ယဉ်ကျေးမှုတစ်ခု အရင်တုန်းကရှိခဲ့တယ်။ ဒါတွေကို ပြန်တည်ထောင်ဖို့ ကြိုးစားနေပါတယ်။ တစ်ဖက်ကလည်း စာကြည့်တိုက်တွေ များများထွန်းကားလာရင် စာအုပ်တွေကို အခမဲ့ ငှားဖတ်နိုင်မယ်။ လောလောဆယ် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနဲ့ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်တွေ ပြန်ပြီးတည်ထောင်ဖို့ အားပေးနေပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ ပြန်/ဆက်တို့ပေါင်းပြီး ရွေ့လျားစာကြည့်တိုက်လုပ်နေတယ်။ ရွေ့လျားစာကြည့်တိုက်တွေက ရွာအထိရောက်ပါတယ်။ ရွေ့လျားစာကြည့်တိုက် တွေရောက်လာတော့ ရွာတွေမှာ လူငယ်တွေသာမက လူကြီးတွေပါ စာဖတ်ပါတယ်။ အတော်အောင်မြင်တယ်လို့ ပြောရမှာပါ။

**ဒေါက်တာခင်မောင်လွင် (Fame)**

၂၀၁၆ ခုနှစ်အတွက် "သစ်သီးများနဲ့ကျန်းမာရေး" စာအုပ်နဲ့ ဆုရခဲ့ပါတယ်။ အဲဒီစာအုပ်မှာ သစ်သီးအမျိုး ၂၀ အကြောင်းကို သေသေချာချာ ပြည့်ပြည့်စုံစုံ ရေးထားပါတယ်။ ၂၀၀၅ ခုနှစ်ကစပြီး မြဝတီရုပ်မြင်သံကြားမှာ အပတ်စဉ်လွှင့်တဲ့ ကျန်းမာသုတအစီအစဉ်မှာ ပြောခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်မှာ ခေါင်းစဉ်တွေအများကြီးနဲ့ပြောခဲ့ပါတယ်။ ကျွန်တော် ပြောခဲ့တဲ့အထဲက သစ်သီးအမျိုး ၂၀ ပေါင်းပြီး ဒီစာအုပ်ကိုထုတ်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သစ်သီးတွေက အလွန်ပေါတယ်။ အခုခေတ်ကလေးတွေက အာဟာရမပြည့်တဲ့ အစားအသောက်တွေ စားနေတာတွေ တွေ့နေရတယ်။ အဲဒီအစား အာဟာရပြည့်ဝတဲ့ သစ်သီးတွေစားခြင်းဖြင့် အာဟာရပြည့်မယ်။ ဉာဏ်ရည်ဉာဏ်သွေးတွေလည်း ကောင်းလာမယ်။ ခုခံအားစနစ်ကောင်းလာမယ်။ ရောဂါကာကွယ်နိုင်တဲ့ စွမ်းအားလည်း ကောင်းလာမယ်။ ဒါကြောင့်မို့ ကလေးပရိသတ်ကို ရည်ရွယ်ပြီး သစ်သီးတွေကို ကျွေးစေချင်တယ်။ ဒီဆန္ဒနဲ့ ဒီစာအုပ်ကိုရေးခြင်းဖြစ်ပါတယ်။ စာပေဆုဆိုတာ ကျွန်တော့်အတွက် အင်မတန်တန်ဖိုးထားတဲ့၊ လေးစားရတဲ့ ဆုတစ်ခုပါ။ ဒါဒုတိယအကြိမ်ရတဲ့ စာပေဆုဖြစ်ပါတယ်။ ဆုရတဲ့အတွက် နောက်ထပ်စာရေးဖို့ အင်အားတွေရတယ်လို့ ခံစားရပါတယ်။ ကျန်းမာရေးက အားလုံးအတွက် အရေးကြီးပါတယ်။ ကျန်းမာချင်တဲ့ စိတ်ဓာတ်ရှိရမယ်။ ကျန်းမာအောင် နေထိုင်စားသောက်မယ်ဆိုရင် ကျန်းမာတဲ့ဘဝကို ပိုင်ဆိုင်မယ်ဆိုတာ ပြောချင်ပါတယ်။ ဒါကို အားလုံးလိုက်နာစေချင်ပါတယ်၊ လုပ်စေချင်ပါတယ်။

**ဒေါက်တာလွှမ်းမိုးဟန်**

"ကင်ဆာလူနာများအတွက် လက်တွေ့ကျကျမေးခွန်းနဲ့အဖြေများ"စာအုပ်နဲ့ ဆုရခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ကင်ဆာလူနာတွေအတွက် ကင်ဆာရောဂါနဲ့ပတ်သက်တဲ့ မှန်ကန်တဲ့အချက်အလက်တွေ၊ မှန်ကန်တဲ့ကုသမှုတွေကို ရစေချင်တဲ့ စေတနာနဲ့ရေးခဲ့တာပါ။ စာမူပေါင်း ၁၀၀၀ ကျော်၊ စာအုပ် ရှစ်အုပ်ရေးခဲ့ပါတယ်။ ကင်ဆာနဲ့ပတ်သက်ပြီးရေးခဲ့တဲ့ စာအုပ် နှစ်အုပ်လုံး ဆုရရှိခဲ့ပါတယ်။ စာရေးတဲ့အခါ ဖွဲမလျှော့ဘဲ စေတနာထားပြီး ရေးမယ်ဆိုရင် တစ်ချိန်မှာ အောင်မြင်နိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာမောင်မောင်စံ (ကျော်စောမင်း၊ ကြည်မင်း)**

ဆုရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ စာအုပ်ကို ထုတ်ဝေပေးတဲ့ လင်းလွန်းခင်စာပေနဲ့ ဝေဖန်ရေးပရိသတ်ကိုလည်း ကျေးဇူးတင်ပါတယ်။ "သမိုင်း သို့မဟုတ် ခေတ်ရုပ်ပုံကား"ဆိုတဲ့စာအုပ်နဲ့ ဆုရဖို့ မျှော်လင့်ခဲ့ဖူးပါတယ်။ ၂၀၁၅ မှာ "ရှင်းတူးရှင်တူး"ဆိုတဲ့ စာအုပ်ကို အားကိုးခဲ့ပါတယ်။ ဇရပ်ကြို ဇရပ်ကြားက ဘုန်းကြီးကျောင်းသားတစ်ယောက်က လူငယ်တွေကိုပေးတဲ့ ကိုယ်တွေ့အောင်မြင်ရေးနည်းတွေပါ။ လူငယ်စာပေပေါ့။ "ဒေါ်စုသို့ပေးစာ" ဆိုတဲ့ နိုင်ငံရေးဝေဖန်စာ စာအုပ်တစ်အုပ်လည်းထွက်ခဲ့တယ်။ "ပညာခရီးနှင့် ပညာမျက်စိ"ဆိုတဲ့ ပညာရေးအတွေ့အကြုံ စာအုပ်နဲ့လည်း ဆုမျှော်လင့်ခဲ့ဖူးတယ်။ ၂၀၁၆ ခုနှစ် ကျတော့ "ဦးအောင်သင်းနှင့် ကျွန်တော်"ဆိုတဲ့ စာအုပ်၊ တိုင်းပြည်အတွက် တန်ဖိုးကြီးလှတဲ့လူတစ်ယောက်ကို ဂုဏ်ဖော်ပြီး ကြည်ညိုစိတ်နဲ့ရေးတာ။ ကိုယ်မှမရေးရင်မဖြစ်တဲ့ စာမျိုးပဲရေးတာ။ စာအုပ်က ပါးလို့ သေးလို့ဆိုတာမျိုးတွေနဲ့ ကိုင်တောင်မကြည့်ဘူးလို့ ကြားရပါတယ်။ ဟုတ်ချင်ဟုတ်မှာပါ။ "ဖတ်ကြည့်"စာအုပ်က ၂၀၁၇ မှာ ထွက်ပါတယ်။ ထုတ်ဝေသူက အရင် ဟန်သစ်က ဆောင်းပါးတွေကို ကြိုက်သူပါ။ ကျွန်တော်က လောလောဆယ်ကိစ္စတွေကို အရင်ထုတ်ချင်လို့ ကြေးမုံဆောင်းပါးတွေနဲ့ ပြည်သူ့အရေး ဆောင်းပါးတွေကိုပဲ ထုတ်လိုက်တာ။ ဆက်ထွက်လာမှာပါ။ စာပေဝေဖန်ရေးမှာ ကျွန်တော်ကိုင်တဲ့မူက ကျွန်တော့်ဆရာ အထောက်တော်လှအောင် သင်ကြားပေးခဲ့တာကိုအခြေခံပြီး ပြောစရာကို ယဉ်ယဉ်ကျေးကျေးပြောတဲ့မူပါ။ Speak softly but carry a banner ပေါ့။ ဦးလှအောင်က ကလောင်သစ်ကို မြေတောင်မြှောက်ပေးသလို ဝေဖန်၊ ကလောင်ကြီးကျတော့ ကိုင်းပျံ့တွေဖြတ်ပေးသလို ဝေဖန်လို့ ပြောခဲ့တယ်။ ဝေဖန်ရေးသမားက ပြည်တွင်း ပြည်ပ စာတွေအများကြီး ဖတ်ရပါတယ်။ ဒါ့ကြောင့်လည်း စာအရေးကျဲပါတယ်။ ကျွန်တော် ဆက်ကြိုးစားပါ့မယ်။

**ဦးသိန်းလှိုင် (မြန်မာ့သမိုင်းအဖွဲ့ အဖွဲ့ဝင်)**

"Myanmar English Dictionary of Ancient Myanmar Historial Terms" စာအုပ်နဲ့ ဆုရခဲ့ပါတယ်။ အမျိုးသားစာပေဆုအပါအဝင် ပြင်ပစာပေဆုပေးတဲ့ အဖွဲ့တွေက မြန်မာနိုင်ငံစာပေဖွံ့ဖြိုးဖို့အတွက် အများကြီး အကျိုးပြုပါတယ်။ အဆင့်မြင့်တဲ့စာအုပ်တွေကိုရွေးချယ်ပြီးတော့ ဆုပေးခဲ့တယ်။ ဗဟုသုတစာပေတွေကို မြန်မာလူငယ်တွေဖတ်ပြီးတော့ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**ဒေါ်သက်သက်ရွှေ (ဆရာဝန်တင်ရွှေ၏သမီး)**

ဒီနှစ်တော့ ငါးဆုချီးမြှင့်ဖို့ လျာထားပါတယ်။ တစ်သက်တာစာပေဆုအနေနဲ့ တစ်သက်တာလုံး စာပေလုပ်ငန်းတွေကို လုပ်ဆောင်လာခဲ့တဲ့ ဆရာကြီး စည်သူ ဒေါက်တာဦးသော်ကောင်းကို ချီးမြှင့်ဖို့ ရည်စူးထားပါတယ်။ စာအုပ်ဆုအနေနဲ့ကတော့ လေးဆုပါ။ ဆုတွေထဲမှာ ဒေါက်တာခင်မောင်လွင် (Fame)ရေးတဲ့ သစ်သီးတွေက ကျန်းမာရေးအကျိုးပြုပုံအကြောင်း၊ ဒေါက်တာလွှမ်းမိုးဟန်ရေးတဲ့ ကင်ဆာရောဂါဝေဒနာတွေအကြောင်း၊ အဲဒီအကြောင်းတွေက လူသားတွေအတွက် ပိုပြီးအကျိုးပြုသွားမယ်လို့ မျှော်လင့်ပါတယ်။ နောက်ပြီး ဆရာဦးသိန်းလှိုင်က သမိုင်းဆိုင်ရာအချက်အလက်တွေ ရေးထားပါတယ်။ မသိတဲ့သူတွေအတွက် အလွန်ပဲ အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ဒေါက်တာမောင်မောင်စံ(ဆရာကျော်စောမင်း)ရေးတဲ့ "ဖတ်ကြည့်"စာအုပ်ကလည်း စာပေအနာဂတ်ကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့်မြင်ရမလားလို့ မျှော်လင့်တဲ့အတွက် အဲဒါတွေကြောင့် ဒီစာအုပ်တွေကို ရွေးချယ်ပြီး ဆုချီးမြှင့်ခြင်းဖြစ်ပါတယ်။ ရေရှည်တစ်သက်တာလုံး ဒီစာပေဆု ရပ်တည်နိုင်ဖို့ ဆက်လက်ရွေးချယ်ဆုချီးမြှင့်သွားဖို့ မျှော်လင့်ထားပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း- ရီရီမြင့်၊ နန္ဒာဝင်း**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွန်း**

---

**စာမျက်နှာ ၆ မှ**

ဖြစ်နိုင်တာကတော့ မြိုင်မြို့နယ်မှာ ပထမဦးဆုံးသော ကျေးရွာဟာ အောင်သုခ (ယခင်က ခေါင်းကွဲဟု အမည်တွင်) ဖြစ်နိုင်ပါတယ်။ ကုန်းဇင်ဆိုတဲ့ကျေးရွာမှာ ရေပေးရေးစနစ် ဖြစ်ပေါ်လာပုံကလည်း တစ်မျိုးတစ်ဖုံ စိတ်ဝင်စားစရာပါ။ မြို့မှာ အိမ်အကူအဖြစ် သွားရောက်လုပ်ကိုင်နေတဲ့ ကလေးမလေးက မြို့ရေပေးရေးကိုသိရှိပြီး အလုပ်ရှင် သူဌေးကို ရွာဘုရားပွဲ အလည်လိုက်လာဖို့ ဖိတ်ခေါ်ခဲ့တယ်။ သူဌေးက နာမည်ကြီးအဆိုတော်ကြီးပါ။ သူဌေးက အရင်းအနှီးမတည်ပေးရာက ဖြစ်ပေါ်လာတာပါလို့ ရေကော်မတီရှင်းပြတာကို မှတ်မိနေပါတယ်။ ရွာတစ်ရွာမှာ ကြိုးစားခဲ့ရတဲ့ရာဇဝင်တွေက တစ်မျိုးစီပါ။ ကန်ကြီးတောရွာက ရေကော်မတီဝင် ကိုတင်အောင်ဦးကလည်း "ကျွန်တော်တို့ရွာ ရေစနစ်က အိပ်မပျော်လို့ တစ်ရေးနိုးထဖွင့် ရေရတယ်ဗျ"၊ ၂၄/၇ ဆိုတာ ဒါမျိုးဆိုတာလို့နားလည်လိုက်တယ်။ မြိုင်မြို့နယ်မှာ ဤသို့သော စနစ်ပေါင်း ၂၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

အခြားအာဆီယံနိုင်ငံတွေမှာလည်း တွေ့ရှိရပါတယ်။ မမေ့နိုင်တဲ့ ဥပမာကတော့ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ ဗီယက်နမ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်မှာ ဆောင်းပါးရှင် လိုက်ပါရဖူးပါတယ်။ ပထမဆုံး နိုင်ငံခြားခရီးစဉ်ပါ။ နောက်တစ်နေ့ ၁၄ ရက်နေ့မှာ ပထမဆုံး သွားရောက်လေ့လာခဲ့တဲ့ နေရာကတော့ Ngo Vhmh Luin ဆိုတဲ့ နေရာလေးပါ။ ဆိုင်းဂုံမြို့အနီးမှာပါ။ အိမ်တိုင်ရာရောက် ပိုက်လိုင်းရေပေးရေးစနစ်တစ်ခုပါ။ အိမ်ခြေ ၃၀၀ လူဦးရေ ၂၂၀၀၀ ရှိပါကြောင်း၊ တစ်အိမ်ကို အမေရိကန်ဒေါ်လာ ၂၀ ခန့် ထည့်ရကြောင်း၊ မြေပေါ်ရေသိုလှောင်ကန်ဟာ ၈၆ ကုဗမီတာရှိပြီး အမြင့် ရှစ်မီတာရှိတဲ့ ရေစင်ဟာ ရေပမာဏ ၆ ဒသမ ၅ ကုဗမီတာကို သိုလှောင်နိုင်ကြောင်း၊ ပင်မရေပိုက်လိုင်းဟာ ၄ လက်မအရွယ်ဖြစ်ပြီး အလျား မီတာ ၁၀၀၀ ခန့်ရှိကြောင်း၊ ၄ လက်မ စက်ရေတွင်းမှ ရေမြှုပ်ပန့်တပ်ဆင်ပြီး ပေးဝေလျက်ရှိကြောင်း၊ ရေနေပေမှုတ်စမှာ ၁၇ မီတာရှိပြီး မှုတ်ဆဲမှာ ၂၁ မီတာရှိကြောင်း၊ သဲကြောမှာ သဲနဲ့ ကျောက်စရစ်တွေ ရောနေပြီး ၁၅ မီတာခန့်ထူပါကြောင်း၊ ဆန်ခါမှာ ရှစ်မီတာခန့်ရှိပါကြောင်း၊ UNICEF မှ ဒေါင် ၁၈၀၉၁၂၅၀၊ Central Government (ပြည်ထောင်စုအစိုးရ)မှ ဒေါင် ၇၅၀၀၀၀၀၊ Provincial Government (တိုင်းဒေသကြီးအစိုးရ)မှ ဒေါင် ၁၇၄၂၃၄၇၅၀ စုစုပေါင်း ဗီယက်နမ် ဒေါင် ၂၆၇၂၃၆၀၀၀ ဖြစ်ကြောင်း၊ လျှပ်စစ်မီတာခ တစ်လလျှင် ဗီယက်နမ်ဒေါင် နှစ်သန်းခန့်ကုန်ကျပြီး ရေဖိုးကောက်ခံရရှိမှုမှာ ဒေါင် လေးသန်းခန့်ဖြစ်ကြောင်း မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ခဲ့ပါတယ်။ အခွင့်အရေးရလျှင်ဖြင့် ကိုယ့်နိုင်ငံမှာ အဲဒီလိုစနစ်မျိုး လုပ်ပေးနိုင်ရမယ်လို့ တွေးခဲ့ဖူးပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်သူတွေကိုယ်တိုင် ထည့်ဝင်ပါဝင်ဆောင်ရွက်ထားတဲ့ ပြည်သူလူထုအခြေပြု ရေမီတာသုံးပိုက်လိုင်း ရေပေးရေးစနစ်ဟာ အင်မတန်တိကျတဲ့ မီတာဖတ်တဲ့စနစ်ရှိပါတယ်။ တစ်လကို နှစ်ကြိမ်ဖတ်လေ့ရှိပါတယ်။ ရေမီတာဖတ်တဲ့သူနဲ့ ရေဖိုးကောက်ခံသူဟာ သီးခြားစီဖြစ်ပါတယ်။ ရေမီတာ တစ်ခုခြင်း၊ လအလိုက် ရေမီတာမှတ်တမ်းတွေ ရှိပါတယ်။ အကြွေးကျလေ့မရှိဟု သိရပါတယ်။ အရှုံးခံပြီး ရေပေးဝေနေတဲ့စနစ် မတွေ့ရသေးပါ။ ရေမီတာတွေကို ရေကော်မတီမှသာ ပြင်ဆင်ပေးလေ့ရှိပါတယ်။ လအလိုက် ဝင်ငွေ၊ ထွက်ငွေစာရင်းတွေကို သေချာစွာ ပြုလုပ်ထားလေ့ ရှိပါတယ်။ ရေမီတာဖြတ်ပိုင်းစာအုပ်တွေ၊ ကတ်တွေ စနစ်တကျ ထားရှိတယ်ဆိုတာ တွေ့ရှိရပါတယ်။ ရေပိုက်လိုင်းစနစ်ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးတဲ့ ကျေးရွာများဟာ ဆက်လက်ထိန်းသိမ်း သုံးစွဲလျက်ရှိတယ်ဆိုတာကို တွေ့ရလေ့ရှိပါတယ်။ ပြည်ထောင်စုအစိုးရရန်ပုံငွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရန်ပုံငွေ၊ လွှတ်တော်ရန်ပုံငွေ စသည်တို့ကို ပေါင်းစပ်လျက် ကျေးရွာလူထုပူးပေါင်းပြီး ရေမီတာသုံးရေပေးရေးစနစ်တွေ အကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုလျက်။ ။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ရှေ့ဖုံးမှ

သို့မှသာ နိုင်ငံတော်၏ဘဏ္ဍာငွေကို လေလွင့်မှုမရှိဘဲ ဒေသခံပြည်သူများအား တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖလမ်းမြို့ ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားတမံ(အောက်တမံ) တည်ဆောက်ရေးအတွက် စူးစမ်းလေ့လာခဲ့ရာ လက်ရှိလိုင်ဗားရေလှောင်တမံ၏ အောက်ဘက် ၁ ဒသမ ၅ မိုင် အကွာနေရာတွင် ရေဆင်းဧရိယာ ၂ ဒသမ ၅ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ ၄၈၂၀ စီးဝင်နိုင်ပြီး ရေဂါလန် ၁၆၂ သန်းမှ ၂၁၆ သန်းအထိ သိုလှောင်နိုင်မည့်နေရာကို ရှာဖွေတွေ့ရှိခဲ့သည်။

## ရေလိုအပ်ချက် ဖြန့်ဝေပေးနိုင်

ယင်းသိုလှောင်ပမာဏသည် ဖလမ်းမြို့နယ်အတွင်းရှိ ပြည်သူနှစ်သောင်းခွဲကျော် နေ့စဉ်လိုအပ်လျက်ရှိသည့် ရေဂါလန် သုံးသိန်းမှ ရှစ်သိန်း လိုအပ်ချက်ကို လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည့်အပြင် တမံအနီးတွင် ချင်းပြည်နယ်၏ အထင်ကရ ဇိန်မှူတောင်တည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင် အခြေပြုခရီးသွားလာမှုတိုးတက်လာနိုင်ခြင်း၊ အပန်းဖြေစခန်းများ၊ အရောင်းဆိုင်များ တည်ဆောက်၍ ဒေသထွက်ရိုးရာပစ္စည်းများနှင့် အစားအစာများ ထုတ်လုပ်ရောင်းချနိုင်သည့်အတွက် ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ဇိန်မှူတောင် အမျိုးသားဥယျာဉ်ဖွဲ့စည်းသတ်မှတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရာသီမပြတ် ရေသိုလှောင်နိုင်ရန်

ထို့နောက် ဒုတိယသမ္မတသည် ဇိန်မှူတောင်ပေါ်သို့ ရောက်ရှိလေ့လာပြီး သဘာဝခရီးသွားလုပ်ငန်းနှင့် အပန်းဖြေဥယျာဉ် တည်ဆောက်သွားနိုင်ရေးနှင့် ဇိန်မှူတောင်ပေါ်ရှိ လိုင်သီလီရေကန်အား ရာသီမပြတ် ရေသိုလှောင်နိုင်ရန် မြေသားတမံနှင့် ရေပိုလွှဲများ တည်ဆောက်နိုင်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

ဇိန်မှူတောင် အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်နှင့် ဖလမ်းခရိုင် ဖလမ်းမြို့နယ်တို့ဆုံရာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၈၆၀၀ ခန့်တွင် တည်ရှိသည်။ ချင်းပြည်နယ်၏ တတိယအမြင့်ဆုံးတောင်ဖြစ်၍ ရာသီဥတု သာယာချိန်တွင် ချင်းပြည်နယ်မြောက်ပိုင်း တစ်ခွင်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကိုလည်းကောင်း မြင်တွေ့နိုင်ကြောင်း သိရသည်။ ဇိန်မှူတောင်ကလပ်တွင် သဘာဝအလျောက် တည်ရှိနေသော နတ်ရေကန်ဟု တင်စားခေါ်ဝေါ်သည့် ဒေသအခေါ် လိုင်သီလီရေကန်တည်ရှိသည်။ ဇိန်မှူတောင်ပေါ်ရှိ လိုင်သီလီရေကန်ကို ရာသီမပြတ် ရေသိုလှောင်နိုင်ရန်အတွက် မြေသားတမံနှင့် ရေပိုလွှဲများ တည်ဆောက်သွားမည့်အပြင် သဘာဝခရီးသွားနေရာများနှင့် အပန်းဖြေအနားယူဥယျာဉ်များကို သဘာဝပတ်ဝန်းကျင်မပျက်စေဘဲ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်ပြီးပါက ချင်းပြည်နယ်သာမက မြန်မာနိုင်ငံတွင် အမြင့်ပေ ၇၆၀၀ အထက်တွင် တည်ရှိသော ပထမဆုံးသော ရေကန်အဖြစ် မှတ်တမ်းတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

## သဘာဝထိန်းသိမ်းရေးနယ်မြေ

ချင်းပြည်နယ်အတွင်း သစ်တောဦးစီးဌာနအနေဖြင့် ဟားခါးခရိုင် ထန်တလန်မြို့နယ်ရှိ ကျီရီးယန်းတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၁၃ ဒသမ ၁၀ ဧကနှင့် ဗွေပါးတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၆၈ ဒသမ ၀၂ ဧက၊ ဟားခါးမြို့နယ်ရှိ ဇိန်မှူတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၃၁ ဒသမ ၁၅ ဧက၊ ထန်တလန်မြို့နယ်ရှိ မီအေပီတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၁၉ ဒသမ ၃၀ ဧက၊ ဟားခါးမြို့နယ်ရှိ မှုန်တောင် သဘာဝထိန်းသိမ်းရေးနယ်မြေ ဧရိယာစတုရန်းမိုင် ၂ ဒသမ ၂၀ ဧက၊ ထန်တလန်မြို့နယ်ရှိ စာမွန်းတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၄၄ ဒသမ ၃၀ ဧကနှင့် ဖလမ်းခရိုင် တီးတိန်မြို့နယ်ရှိ လေသာတောင် အမျိုးသားဥယျာဉ် ဧရိယာစတုရန်းမိုင် ၃၆ ဒသမ ၆၆ ဧက တို့ကို သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ဟားခါးပညာရေးကောလိပ်

ယင်းနောက် ဟားခါးမြို့ ဟားခါးပညာရေးကောလိပ်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၉)မှ အင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေနှင့် တာဝန်ရှိသူများက ကျောင်းဆောင်များ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ သင်တန်းများ ဖွင့်လှစ်နေမှုနှင့် သင်ကြားရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပေါင်းစပ်ညှိနှိုင်းပေးပြီး ဟားခါးပညာရေးကောလိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်နှင့် ဟားခါးမြို့ သားဖွားသင်တန်းကျောင်း တည်ဆောက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုသည်။

## ဘက်စုံသုံးအဆောက်အအုံ

ထိုမှတစ်ဆင့် ဟားခါးမြို့ ဟားခါးထာရ်အပိုင်း(၁)တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ရန်ပုံငွေဖြင့် လူဦးရေ ၆၅၀ ကျော် ခိုလှုံနိုင်မည့် သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံ တည်ဆောက်နေမှုနှင့် ပြည်သူ့ကျန်းမာရေးခရိုင်ဦးစီးမှူးရုံး RC လေးထပ်ဆောင် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ယခုကဲ့သို့ နိုင်ငံတော်မှ ဘဏ္ဍာငွေအကုန်အကျခံ၍ ဒေသခံပြည်သူများအတွက် ဆောင်ရွက်ပေးနေခြင်းကို ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် စနစ်တကျ အသုံးပြုသွားရမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စီမံကိန်းနယ်မြေအတွင်း၌ မူလရှိသည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

**စာမျက်နှာ ၉ သို့ ☆**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဇိန်မှူတောင်ပေါ်ရှိ လိုင်သီလီရေကန်အား ရာသီမပြတ် ရေသိုလှောင်နိုင်ရန် မြေသားတမံနှင့် ရေပိုလွှဲများ တည်ဆောက်နိုင်ရေး ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၈ မှ

ထို့နောက် ဟားခါးမြို့သစ်ရပ်ကွက်၌ မြေထိန်းနံရံများအား ဗတီဘာမြက်မျိုး စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ဟားခါး) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ အားကစားနှင့်ကာယပညာသိပ္ပံဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက မြေနေရာရရှိမှု၊ ကျောင်းအဆောက်အအုံများနှင့် လေ့ကျင့်ရေးဆိုင်ရာ အားကစားကွင်း၊ အားကစားရုံများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်သွားမည့် အစီအစဉ်၊ သင်ကြားပေးမည့် အားကစားနည်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် သင်တန်းကျောင်းသို့ ဆက်သွယ်သည့်လမ်းအား ကောင်းမွန်အောင် ဆောင်ရွက်ရန် ပြောကြားသည်။

အားကစားနှင့်ကာယပညာသိပ္ပံများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ လွိုင်ကော်နှင့် မုံရွာတို့တွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ချင်းပြည်နယ်အတွင်းမှ အလားအလာရှိသော အားကစားသမားများကို ဖော်ထုတ်ရွေးချယ်၍ ခေတ်မီအားကစားနည်းစနစ်များကို သင်ကြားလေ့ကျင့်ပေးပြီး မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်နိုင်ရန်အတွက် ဟားခါးမြို့ အားကစားနှင့် ကာယပညာသိပ္ပံ(ဟားခါး)ကို တည်ဆောက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်လက်၍ ဟားခါးမြို့ မြို့ဟောင်းနှင့် ဈေးဟောင်းရပ်ကွက်အကြား သဘာဝဘေးကာကွယ်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေဖြင့် ဟောက်ဆန်းဗားချောင်းအား ကွန်ကရစ်မြေထိန်း ရေမြောင်းသွယ်တန်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဆေးရုံကြီးအတွင်း၌ ခုတင် ၅၀၀ ဆံ့ဆေးရုံအဖြစ် ရည်မှန်းပြီး တည်ဆောက်နေသည့် လူနာဆောင်များနှင့် ဝန်ထမ်းအိမ်ရာ လျာထားနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် မြေနေရာလုံလောက်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော်ရုံး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ချင်းပြည်နယ်လွှတ်တော်ရုံးကို နိုင်ငံတော်မှ ခွဲဝေရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ ဟားခါးကောလိပ်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၉)မှ အင်ဂျင်နီယာချုပ်ဦးခင်မောင်ဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာအေးအေးငွေနှင်းတို့က ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်နေမှု၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စာသင်နှစ်အလိုက် သင်ကြားပို့ချနေမှု၊ နည်းပညာတက္ကသိုလ်တည်ဆောက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့ သားဖွားသင်တန်းကျောင်း တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အသုံးချသုတေသနဌာနခွဲနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လှော်ကား၊ စက်မှုယန္တရားဌာနခွဲတို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအသုံးချသုတေသနဌာနခွဲသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရေနံရှာဖွေသုတေသနပြုရာတွင် တစ်ဦးချင်း တစ်ယောက်ချင်း၏ လေ့လာတွေ့ရှိမှုများစုစည်း၍ Data-Base တစ်ခု တည်ဆောက်ရန်နှင့် Data Share System တစ်ခုရှိရန် လိုအပ်ကြောင်း၊ သုံးနှစ်အတွင်း တစ်ရက်လျှင် ရေနံစည် ၁၀၀၀၀ တိုးတက်ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသဖြင့် ရည်မှန်းချက်ပြည့်မီနိုင်ရေး တာဝန်သိသိ သစ္စာရှိရှိဖြင့် စေတနာထားပြီး အားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရေနံစူးစမ်းရှာဖွေရာတွင် ကောင်းမွန်သည့်ရလဒ်များထွက်ရှိရန် ခေတ်နှင့်အညီ စဉ်းစား၍ ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြား၍ သုတေသနဌာနခွဲအတွင်း ဓာတ်ခွဲခန်းများအလိုက် ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် Core Sample များ ထားရှိသည့် ဂိုဒေါင်အတွင်း Core Sample များအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းဆွေးနွေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လှော်ကား၊ စက်မှုယန္တရားဌာနခွဲသို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင်သုံးစက်ယန္တရား၊ ယာဉ်များနှင့် သူဌေးရေအားလျှပ်စစ်စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့်စက်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု အခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီ မိနစ်၂၀ တွင် နေပြည်တော်သို့ ရောက်ရှိရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei နှင့်အဖွဲ့အား အမျိုးသားလွှတ်တော် မြန်မာ-တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းက ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**ကျောက်ဆည် မေ ၂၀**

တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရုံးတွင် မေ ၁၈ ရက် နံနက် ၁၀ နာရီက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်း(VDP)သင်တန်းပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းဝင်းအောင်က အမှာစကားပြောကြားသည်။

သင်တန်းကို UNOPS မှ စီမံကိန်းများရေးဆွဲသူ ပညာရှင်ဒေါက်တာဦးအောင်လွင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းနှစ်ဦးက ဦးဆောင်၍ ကျေးရွာများမှ သင်တန်း တက်ရောက်ခဲ့ကြသည့် သင်တန်းသား ၂၀ နှင့်အတူ ကျေးရွာများအလိုက် အမှန်တကယ်လိုအပ်သည့် အကြောင်းအရာများကို အခြေခံပြီး စီမံကိန်းလုပ်ငန်းများကို ရေးဆွဲခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ကျေးရွာပေါင်း ၁၅၀၀ ရေးဆွဲပြီး ပထမအဆင့်တွင် ကျေးရွာ ၅၀၀ အား စီမံကိန်းပါအချက်အလက်များဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တာချီလိတ်မြို့နယ်တွင် ကျေးရွာ ၁၀ ရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲပြီး စီမံခန့်ခွဲမှုကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စီမံကိန်းရေးဆွဲထားသည့် စီမံချက်များအပေါ် စိစစ်ကာ ကျေးရွာသုံးရွာရွေးချယ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်**



# မတစ်ထောင် တစ်ကောင်ဘွားနှင့် မေတ္တာထားတာ အဟုတ်ကိုပဲ ရုပ်ရှင်ဇာတ်ကားများ မေ ၂၅ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ပြသသွားမည်


ဒါရိုက်တာ ခင်စောမျိုး


ရုပ်ရှင်သရုပ်ဆောင် အောင်ရဲလင်း


ရုပ်ရှင်သရုပ်ဆောင် ထွန်းလွင်အောင်


ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်


ဒါရိုက်တာ ထွန်းအောင်ဖော်

**ရန်ကုန် မေ ၂၀**
လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ကာ ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူးသည့် 'မတစ်ထောင် တစ်ကောင်ဘွား' ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြသပြီး မေ ၂၅ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

'မတစ်ထောင် တစ်ကောင်ဘွား' ရုပ်ရှင်သည် စာရေးဆရာ မင်းသိခ်၏ အောင်မြင်သော ဝတ္ထုကို ပြန်လည်ရိုက်ကူးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားတွင် အကယ်ဒမီ ကျော်ရဲအောင်၊ အောင်ရဲလင်း၊ အကယ်ဒမီ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ထွန်းလွင်အောင်နှင့် ဘေဘီမောင်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

မတစ်ထောင်တစ်ကောင်ဘွား ရုပ်ရှင်ရိုက်ကူးသူ ဒါရိုက်တာ ခင်စောမျိုးက အဆိုပါ ဇာတ်ကားနှင့်ပတ်သက်၍ "ဒီဇာတ်ကားမှာ အောင်ရဲလင်းကို ရွေးချယ်ရတာတော့ တည်ငြိမ်တဲ့ မင်းသားကို ရှာရတာကြောင့်ပါ။ ဒီဇာတ်ကားကို ပရိသတ်က အားပေးမယ်လို့ မျှော်လင့်ပါတယ်၊ လာရောက်အားပေးကြပါလို့လည်း ပြောချင်ပါတယ်၊ အခြားအရာတွေ ဘေးဖယ်ပြီး နည်းနည်းလေး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ပြသထားပါတယ်၊ 'မတစ်ထောင် တစ်ကောင်ဘွား'ကို ဦးညွန့်ဝင်းလည်း ရိုက်ခဲ့ဖူးသလို သီဟတင်စိုးလည်း ရိုက်ခဲ့ဖူးပါတယ်၊ ကျွန်တော်ကတော့ တစ်မျိုးတစ်ဖုံ ဆန်းသစ်တဲ့ မတစ်ထောင် တစ်ကောင်ဘွားပါ"ဟု ပြောသည်။

အဆိုပါ ရုပ်ရှင်ကားသည် ကိုလိုနီခေတ် မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက် အကြောင်း ပုံဖော်ရိုက်ကူးခြင်းဖြစ်ပြီး အကျင့်ပျက်ခြစား လာဘ်ပေးလာဘ်ယူသူများ၊ မြန်မာပြည်သူများအပေါ် ဖိနှိပ်ဒုက္ခပေးသော အာဏာရအရာရှိဆိုး၊ အာဏာရလူဆိုးများကို မတစ်ထောင်တစ်ကောင်ဘွား အမည်ခံ လူငယ်က အမှန်တရားဘက်မှ ရပ်တည်၍ လိုက်လံသတ်ဖြတ်ခြင်း ဖြစ်သည်။

မတစ်ထောင်တစ်ကောင်ဘွား ဇာတ်ကောင်အဖြစ် သရုပ်ဆောင်သူ အောင်ရဲလင်းက "တစ်ကောင်ဘွားက အရင်ခေတ်ကတော့ ပဝါစည်းတာပေါ့၊ ရိုက်ကွင်းထဲမှာလည်း ကျွန်တော်လုပ်ကြည့်ပါတယ်၊ ဒီဘက်ခေတ်နဲ့ကျတော့ နည်းနည်းရယ်စရာဖြစ်နေတယ်၊ ဒါကြောင့် မျက်နှာဖုံးကို အဓိကထား ရွေးချယ်ဖြစ်တာပါ။ ဒီကားကို အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့တယ်၊ ကျွန်တော်တတ်နိုင်သလောက်၊ အစွမ်းရှိသလောက် ရိုက်ကူးမယ်လို့ ပြင်ဆင်ပြီးတော့ ရိုက်တာပါ။ ဇာတ်ရုပ်ကလည်း နှစ်မျိုးဖြစ်တော့ တစ်ဖက်ကပုံစံကို တစ်ဖက် မထိခိုက်အောင် ပြင်ဆင်ထားပါတယ်၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်၊ ကြည့်တဲ့ ပရိသတ်တွေအနေနဲ့လည်း ဒီကားလေးကို ကြည့်တဲ့အခါကျရင် အားလုံးသိကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်" ဟု ပြောသည်။

'မတစ်ထောင် တစ်ကောင်ဘွား' ရုပ်ရှင်တွင် မိုးကောင်း တစ်ဖြစ်လဲ မတစ်ထောင် တစ်ကောင်ဘွားအဖြစ် အောင်ရဲလင်း၊ နတ်ဆေးအဖြစ် ကျော်ရဲအောင်၊ မသက်ဆွေအဖြစ် ခိုင်သင်းကြည်၊ ဆားပုလင်းနှင်းမောင်အဖြစ် ထွန်းလွင်အောင်တို့က ပါဝင်သရုပ်ဆောင်ထားသည်။

ဆားပုလင်းနှင်းမောင်အဖြစ် သရုပ်ဆောင်ထားသူ ထွန်းလွင်အောင်က "ဆားပုလင်းနှင်းမောင်အဖြစ်ရိုက်တာ ဗီဒီယိုကော ရုပ်ရှင်ပါ ၁၀ ကားကျော်ပါပြီ၊ ဇာတ်လမ်း ဇာတ်ကွက်အနေနဲ့ ပီပီပြင်ပြင် မရဖူးပေမယ့် ဒီကားက အများဆုံးရတာ၊ အောင်ရဲလင်းကလည်း တော်တော်လေးလုပ်ထားပါတယ်၊ ပရိသတ်ကြိုက်တဲ့ ပုံဖြစ်အောင် ဇာတ်ကို ပြန်လှည့်ပါတယ်၊ ကျွန်တော်တို့မှာ ဆက်တင်လိုအပ်ချက်တွေ စတဲ့ အားနည်းချက်တွေတော့ရှိပါတယ်၊ ပရိသတ်က အနုပညာကိုကြည့်ပြီး ချစ်တဲ့စိတ်နဲ့ အားပေးမယ်လို့ ထင်ပါတယ်၊ အောင်ရဲလင်းက မတစ်ထောင် တစ်ကောင်ဘွား ဇာတ်ကောင်အပေါ်မှာ စိတ်ကို နှစ်ထားတယ်၊ အတတ်နိုင်ဆုံး ဇာတ်ကောင်စရိုက်နဲ့ညီအောင် လုပ်ထားတယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

မသက်ဆွေအဖြစ် သရုပ်ဆောင်သူ ခိုင်သင်းကြည်က "မတစ်ထောင် တစ်ကောင်ဘွားက အဓိကက အောင်ရဲလင်းတို့၊ ကိုနိုင်ကြီး(ကျော်ရဲအောင်) တို့ ဇာတ်ပါ။ မခိုင်ကတော့ ဒီကားမှာ အများကြီးမပါပါဘူး၊ အောင်ရဲလင်းက ဒီကားမှာ သူနဲ့ တော်တော်လိုက်ပါတယ်၊ ထွန်းလွင်အောင်ကလည်း ဆားပုလင်းဇာတ်ကောင်နဲ့ ရိုက်ဖူးပြီးသားမို့ ပြောစရာမလိုပါဘူး၊ ကိုယ့်ဇာတ် မဟုတ်ပေမယ့် ဆရာကြီး မင်းသိခ်ဝတ္ထုကို ပြန်ရိုက်တဲ့ကားဆိုတော့ ကိုယ်လည်း ပါဝင်ချင်တယ်၊ နောက်အငယ်ဘဝ၊ အကြီးဘဝ နှစ်ခုခွဲ လုပ်ရမယ်ဆိုတော့ အဲဒါလေးလည်း စိတ်ဝင်စားပြီး ကိုယ့်ရဲ့ အခန်းနည်းပေမယ့် ပါဝင်ဖြစ်တာပါ၊ ဇာတ်ကားက ဟာသကား မဟုတ်ပေမယ့် ဒရာမာလို အငြိမ်လည်း မဟုတ်ဘူး၊ ကြည့်တဲ့သူတွေ အဆင်ပြေမှာပါ" ဟု ပြောသည်။

ထို့အပြင် 'မေတ္တာထားတာ အဟုတ်ကိုပဲ' အဆင့်မြင့် ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားကြီးကို ယနေ့ ည ၇ နာရီတွင် Junction City ရုပ်ရှင်ရုံ၌ ပွဲကြိုပြသသည်။

ပြည်သူများအတွက် ဟဒယရွှင်ဆေး တိုက်ကျွေးမည့် ရုပ်ရှင်ဇာတ်ကားကြီး တစ်ကားဖြစ်သော 'မေတ္တာထားတာ အဟုတ်ကိုပဲ' အဆင့်မြင့် ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားကြီးကို လာမည့် မေ ၂၅ ရက်တွင် ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ စတင်ပြသခွင့်ရပြီဖြစ်ကြောင်း သိရသည်။

ထိုအဆင့်မြင့်ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာအကယ်ဒမီ ထွန်းအောင်ဖော်က ရိုက်ကူးပုံဖော်ထားပြီး အကယ်ဒမီ လူမင်း၊ ဖြိုးငွေစိုး၊ အောင်မင်းခန့်၊ ဖိုးသောကြာ၊ အကယ်ဒမီ ဗေလုဝ၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ ခိုင်သင်းကြည်၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ အကယ်ဒမီ ချိုပြုံး၊ ဝင့်ယမုံလှိုင်၊ စိုးမိုးကြည်၊ ယမင်းမေဦး၊ ငှက်ပျောကြော်၊ ငြိမ်းချမ်း၊ ကြူကြူသင်း နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ရိုက်ကူးထားသည်။

ယင်းဇာတ်ကားတွင် ယနေ့ခေတ် လူငယ်များ၏ လူနေမှုစရိုက်နှင့်အတူ အိမ်ထောင်တစ်ခုတွင် အိမ်ရှင်မတစ်ဦးက ဦးစီးနေရသော အိမ်ထောင်ရေးကို ပုံဖော်ရိုက်ကူးထားသလို ပျော်ရွှင်ရယ်မောဖွယ်ရာများနှင့် ရသစုံပေါ်လွင်အောင် ရိုက်ကူးထားသည့် ရုပ်ရှင်ကားကြီးတစ်ကားလည်း ဖြစ်သည်။

ရုပ်ရှင်ကားကြီးကို ပန်းသခင်ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ယူရိုက်ကူးပြီး နုနုရီမှ စီစဉ်တင်ဆက်ထားခြင်းဖြစ်သည်။ ထို ရုပ်ရှင်ဇာတ်ကားကြီး ရုံတင်ပြသနိုင်ရန် ကာလရှည် စောင့်ဆိုင်းခဲ့ရကြောင်း၊ အလားတူ ရိုက်ပြီးရုပ်ရှင်ဇာတ်ကား အများအပြားလည်း ရုံတင်ပြသခွင့်ရရန် စောင့်ဆိုင်းနေကြရကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကြီးအား ဖန်တီးပုံဖော်ရိုက်ကူးသော ဒါရိုက်တာ အကယ်ဒမီ ထွန်းအောင်ဖော်က ပြောသည်။

မေလ တတိယပတ်မှ စတင်၍ ရုံတင်ပြသသွားမည့် ဇာတ်ကားများမှာ ငါ့ကိုနမ်းတဲ့ မုန်တိုင်း၊ မတစ်ထောင် တစ်ကောင်ဘွား၊ မေတ္တာထားတာ အဟုတ်ကိုပဲ၊ ဖိုးရှိတ်နှင့် ဥပါဒါန်တို့ ဖြစ်သည်။

**သတင်း- ညွန့်ကိုကို၊ မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - ရဲထွဋ်၊ မင်းထက်**


မတစ်ထောင် တစ်ကောင်ဘွား ဆေးရောင်စုံရုပ်ရှင်ဇာတ်ကားကြီးမှ ဇာတ်ဝင်ခန်းတစ်ခန်း။


မေတ္တာထားတာ အဟုတ်ကိုပဲ ဆေးရောင်စုံရုပ်ရှင်ဇာတ်ကားကြီးမှ ဇာတ်ဝင်ခန်းတစ်ခန်း။

# မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာတွင် တည်ထားကိုးကွယ်သည့် အေးချမ်းအောင်မြင်ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်

**မောင်တော မေ ၂၀**

မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာ သန္တိသုခ ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသည့် အေးချမ်းအောင်မြင် ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် ဘုံအဆင့်ဆင့်တို့အား ဆက်ကပ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဆက်လက်၍ ရွှေထီးတော်အား ပင့်ဆောင်ကာ စေတီတော်မြတ်အား လက်ယာရစ် သုံးကြိမ်လှည့်လည် ပူဇော်ပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တင်လျှူပူဇော်ကြသည်။

ယင်းနောက် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး၊ နယ်မြေခံ စစ်ဗျူဟာမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် အောင်မြင်ဗောဓိ ဆရာတော်က အနုမောဒနာနှင့် ရေစက်ချတရားတော်တို့ကို ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်း**
**နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ**
**သက်လွင်စိုး(ခရိုင်ပြန်/ဆက်)**

## ✻ ရန်ကုန်မှ

အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒို့အိမ်အဖွဲ့တို့ပူးပေါင်းပြီး ယခုရှိပြီးသားနေရာများအား နောက်ဖေးလမ်းကြားဥယျာဉ်အဖြစ် အသစ်ပြန်လည်ဖော်ထုတ်ခြင်းမှာ အလွန်ကောင်းသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယခုလက်ရှိ ပြည်သူများမှာ အပန်းဖြေချင်သည့်အခါ ပန်းခြံများသို့သာ သွားရောက်ပြီး အပန်းဖြေနေရကြောင်း၊ ယခုလို ရပ်ကွက်ထဲရှိ ပျက်စီးနေသည့် နောက်ဖေးလမ်းကြားနေရာများကို ကောင်းမွန်အောင်ဖန်တီးပြီး ပန်းဥယျာဉ်အဖြစ်ဖန်တီးပေးသည့်အတွက် ပြည်သူများ၏ နေထိုင်မှုနေရာ အသစ်များ ကျယ်ဝန်းလာကာ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ယခင်က နောက်ဖေးလမ်းကြားကို ညစ်ပတ်သည့်နေရာတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသော်လည်း ယခုဆိုလျှင် နောက်ဖေးလမ်းကြားများတွင် အပန်းဖြေခြင်း၊ ကလေးများဆော့ကစားခြင်း စသည်တို့ကို လုပ်ကိုင်နိုင်သည့်အတွက် အင်မတန်မှအကျိုးရှိသည့် လုပ်ငန်းကြီးဖြစ်ကြောင်း၊ ဒို့အိမ်နှင့် ပူးပေါင်းပြီး ဆောင်ရွက်သည့်လုပ်ငန်းများကိုလည်း ယခုထက်ကျယ်ပြန့်အောင်၊ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရှိပြီးသား နောက်ဖေးလမ်းကြားနေရာများ မပျက်စီးစေရန်၊ အမြဲတမ်းထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ပန်းခြံရှိသော်ငြား ပန်းခြံလိုနေရာမျိုး နောက်ဖေးလမ်းကြားတွင် ဖော်ထုတ်နိုင်ခြင်းကြောင့် ပြည်သူများအတွက် အင်မတန်မှအကျိုးရှိပြီး ရန်ကုန်မြို့ပြကြီးကို နေချင်စဖွယ်မြို့ကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေက အမှာစကားပြောကြားခြင်း၊ အီးယူနှင့် နိုင်ငံခြားသံရုံးမှတာဝန်ရှိသူများက အမှာစကားပြောကြားခြင်း၊ ဒို့အိမ်အဖွဲ့မှ Myrte Mijndess က ပူးပေါင်းဆောင်ရွက်မှုအကြောင်း ပြောကြားခြင်း၊ ငြိမ်းချမ်းရေးရောင်စုံလမ်းကြားဖြစ်မြောက်ရေးကော်မတီ၏ တာဝန်ရှိသူတစ်ဦးက ပူးပေါင်းဆောင်ရွက်မှုအကြောင်း ပြောကြားခြင်း၊ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးပပလှိုင်က ကျေးဇူးတင်စကားပြောကြားခြင်းတို့ ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးရောင်စုံနောက်ဖေးလမ်းကြားဥယျာဉ်အား တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြသည်။

ယခုဖွင့်လှစ်သော ငြိမ်းချမ်းရေးရောင်စုံ နောက်ဖေးလမ်းကြားဥယျာဉ်သည် ပန်းဘဲတန်းမြို့နယ်တွင် ဒုတိယမြောက်ဖွင့်လှစ်သော ဥယျာဉ်သစ်ဖြစ်ကာ ၂၀၁၇ ခုနှစ် ဇူလိုင် ၂ ရက်က ပန်းဘဲတန်းမြို့နယ် (၃၁)လမ်းနှင့် (၃၂)လမ်းကြား (အလယ်ဘလောက်)၌ ပထမဆုံး နောက်ဖေးလမ်းကြားဥယျာဉ်ကို ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒို့အိမ်အဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်မြို့၌ဖွင့်လှစ်သော နောက်ဖေးလမ်းကြား ဥယျာဉ်ငါးခုရှိပြီဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

## ✻ ရတနာပုံမှ

၈၄ မိနစ်တွင် ရှိုင်းသူရက သတ္တမဂိုးသွင်းယူခဲ့သည်။ ရှိုင်းသူရ၏ သွင်းဂိုးမှာ ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ သွင်းဂိုး ၂၀၀ ပြည့်ဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ဧရာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းအသင်း၏ တစ်ကျော့ပြန်နိုင်ပွဲအတွက် ရန်ကုန်အသင်းမှ ပြောင်းရွှေ့လာသည့် တောင်ပံကစားသမား ဒေးဗစ်ဒန်း ခြေစွမ်းပြကစားခဲ့ပြီး တစ်ဂိုးသွင်း၊ တစ်ဂိုးဖန်တီးပေးခဲ့သည်။ ယမန်နေ့က ကစားသည့်ပွဲတွင် မကွေးအသင်း သရေကျခဲ့၍ ရှမ်းအသင်း အနိုင်ရရန်ကြိုးပမ်းခဲ့ပြီး ဒုတိယနေရာမှ မကွေးနှင့် အမှတ်တူသွားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၃ မိနစ်တွင် ဒေးဗစ်ဒန်းနှင့် ၃၈ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူခဲ့သည်။



**ရတနာပုံတိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို မြဝတီဂိုးသမားကာကွယ်နေစဉ်။** ဓာတ်ပုံ-ဖိုးသော်ဇင်

သုဝဏ္ဏကွင်း၌ ကျင်းပသော ပွဲတွင် ရန်ကုန်အသင်းက GFA အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းတွင် ဝါရင့်နောက်ခံလူ ဇော်မင်းထွန်း ပြန်ပါလာပြီး GFA အသင်းကို ခြေအသာဖြင့်ကစားကာ အနိုင်ဂိုးများကို ၁၈၊ ၄၅ မိနစ်တွင် ယာမာဇာကီး၊ ၃၅ မိနစ်တွင် အီမန်နျူရယ်၊ ၆၃ မိနစ်တွင် ဆီလာတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၂)အပြီးတွင် ရန်ကုန်အသင်းက ၂၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေပြီး မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းက ၂၄ မှတ်စီ၊ ရတနာပုံအသင်းက ၂၀ မှတ်၊ ဟံသာဝတီအသင်းက ၁၈ မှတ်၊ ဇွဲကပင်နှင့် ရခိုင်အသင်းက ၁၇ မှတ်စီ၊ ဧရာဝတီအသင်းက ၁၅ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၁ မှတ်၊ GFA အသင်းက ကိုးမှတ်၊ မြဝတီအသင်းက နှစ်မှတ် ရထားသည်။

**ရှိုင်းထက်ဇော်**

# ယခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ဒေါ်လာသန်း ၂၂၈၀ ရရှိ ယခင်နှစ်ထက် ဒေါ်လာသန်း ၃၀၀ ပိုမိုဆောင်ရွက်နိုင်ခဲ့

ယခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆၆ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၁၄ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၂၈၀ ဆောင်ရွက်နိုင်ခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ)တွင် ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆၃ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၁၇ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၉၈၀ ဖြစ်သဖြင့် ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ သုံးသန်း၊ သွင်းကုန်တွင် ဒေါ်လာ ၂၉၇ သန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာသန်း ၃၀၀ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ဖော်ပြရလျှင်-

တန်ဖိုး- ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ (ဧပြီလ) | ၂၀၁၇-၂၀၁၈ (ဧပြီလ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၃.၈၂၀ | ၂၄၉.၉၈၈ | -၁၆.၁၆၈ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၈.၉၄၆ | ၁.၂၀၉ | ၁၇.၇၃၇ |
| ၃ | ရေထွက်ပစ္စည်းများ | ၅၇.၆၄၁ | ၄၇.၁၀၀ | ၁၀.၅၄၀ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၇၂.၇၂၄ | ၅၉.၅၁၂ | ၁၃.၂၁၂ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၅.၁၁၃ | ၂၃.၅၉၉ | -၈.၂၈၆ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၃၆၃.၇၉၉ | ၃၃၀.၄၆၇ | ၃၃.၃၃၂ |
| ၇ | အခြားပစ္စည်းများ | ၁၀၃.၈၇၀ | ၁၅၀.၉၆၆ | -၄၇.၀၉၆ |
| | စုစုပေါင်း | ၈၆၆.၁၁၃ | ၈၆၂.၈၄၂ | ၃.၂၇၁ |

ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၈ ခုနှစ်(ဧပြီလ) သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၄၁၄ သန်း ရှိပြီး ယခင်နှစ်ကာလတူသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၁၇ သန်းရှိသည့်အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ဖော်ပြရလျှင်-

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ (ဧပြီလ) | ၂၀၁၇-၂၀၁၈ (ဧပြီလ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၄၄၁.၀၆၂ | ၃၉၇.၄၀၇ | ၄၃.၆၅၅ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၆၇၄.၈၀၈ | ၄၅၁.၃၆၇ | ၂၂၃.၄၄၁ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၂၉၇.၉၀၀ | ၂၆၇.၇၁၁ | ၃၀.၁၈၉ |
| | စုစုပေါင်း | ၁၄၁၃.၇၇၀ | ၁၁၁၆.၄၈၅ | ၂၉၇.၂၈၅ |

**ကြေးမုံ**

## ◯ လျှောင်များမှ

ရေဆက်လက်ပေးဝေခဲ့ကာ ကွင်းပိတ်ချိန်တွင် လျှာထားဧကထက် ကျော်လွန်ကာ ဧက ၇၃၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဘော်ဘင်ရေလှောင်တမံသည် ပင်မရေလှောင်တမံ(၁)နှင့် ရေကူတမံ(၂)တို့ကိုဆက်သွယ်ရေးတူးမြောင်းဖြင့် ဆက်သွယ်ထားသော ညီနောင်ဆည်နှစ်ခုဖြစ်ကြောင်း သိရသည်။ ပင်မတမံ(၁)သည် ကြို့ပင်ကောက်မြို့နယ်အတွင်း တည်ရှိပြီး သရက်ချောင်းကိုပိတ်ကာ တည်ဆောက်ထားသည့် အမြင့် ၁၂၇ ပေရှိမြေသားတမံအမျိုးအစားဖြစ်ပြီး ရေကူတမံ(၂)သည် ဇီးကုန်းမြို့နယ်အတွင်း တည်ရှိပြီး ဘော်ဘင်ချောင်းကိုပိတ်ကာ တည်ဆောက်ထားသည့် အမြင့် ၁၁၈ ပေရှိ မြေသားတမံအမျိုးအစားဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၉၇၇၀၀ ဖြစ်သည်။

ဘော်ဘင်ရေလှောင်တမံစီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကာ နှစ်စဉ် မိုးစပါး၊ နွေစပါးအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

**မြင့်နိုင်(ပြည်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# အငှားယာဉ်မောင်းထံမှ လုယက်သူများ အချိန်တိုအတွင်း ဖမ်းဆီးအရေးယူ

**ရန်ကုန် မေ ၂၀**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ကို-----သည် မေ ၁၉ ရက် ည ၉ နာရီက PROBOX အမျိုးအစား အငှားယာဉ်အား လှိုင်သာယာမြို့နယ်တွင် မောင်းနှင်နေစဉ် အမျိုးသားနှစ်ဦးက လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်သို့ ပို့ဆောင်ပေးရန် ငွေကျပ် ၃၀၀၀ ဖြင့် ငှားရမ်း၍ လိုက်ပါ ပို့ဆောင်ပေးခဲ့ပြီးနောက် မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံရှိ ၎င်းတို့၏မိတ်ဆွေထံသို့ ငွေကျပ် ၂၀၀၀၀ ဖြင့် ထပ်မံပို့ဆောင်ပေးရန် ငှားရမ်းခဲ့ရာ သမိုင်းသို့အရောက်တွင် ၎င်းတို့၏မိတ်ဆွေအိမ်အား မှတ်မိခြင်းမရှိတော့၍ ကားဖြင့်လိုက်လံရှာဖွေနေစဉ် မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ညီညွတ်ရေးလမ်းအရောက်၌ ကား၏ နောက်ခန်းတွင်လိုက်ပါလာသူ အမျိုးသားက ယာဉ်မောင်း ကို----- အား နောက်မှမျက်လုံးကို လက်ဖြင့် ပိတ်လိုက်ရာ ကားမှာထိုးရပ်သွားစဉ် ကားရှေ့ခန်း ထိုင်လိုက်လာသူ အမျိုးသားက အငှားယာဉ်မောင်းပိုင် ငွေကျပ် ၄၅၀၀၀ ထည့်ထားသည့် အနက်ရောင်လွယ်အိတ်အားဆွဲ၍ ကားပေါ်မှ ထိုအမျိုးသား နှစ်ဦးစလုံး ဆင်း၍ထွက်ပြေးသဖြင့် ယာဉ်မောင်း ကို----က ပတ်ဝန်းကျင်သို့ အကူအညီတောင်းရာ လှည့်ကင်းဆောင်ရွက်နေသည့် မရမ်းကုန်း မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အနီးဝန်းကျင်မှ လူများက ဝိုင်းဝန်းဖမ်းဆီးရာ အဆိုပါ အမျိုးသားနှစ်ဦးအား ငွေကျပ် ၄၅၀၀၀ ထည့်ထားသည့် အနက်ရောင် လွယ်အိတ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အမျိုးသားနှစ်ဦးအား စစ်ဆေးရာ လှိုင်သာယာမြို့နယ် ရိုးလေးကျေးရွာနေသူများဖြစ်သည့် မြတ်မင်း(၂၅)နှစ်နှင့် ပြည့်ဖြိုးအောင် (၁၉)နှစ်တို့ဖြစ်ပြီး ၎င်းတို့အား ဘုရင့်နောင် နယ်မြေရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကာ အခြားပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးအဖွဲ့ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၀၂၀၊ သွင်းကုန် အစီး ၉၇၀၊ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၅ စီး၊ သွင်းကုန် ၁၉၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၉ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၆၂ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကျိုက်ထို-ပဲခူးလမ်းမကြီးအတိုင်း လှည့်ကင်းစစ်ဆေးစဉ် ချစ်ဝိုင်းစားသောက်ဆိုင် အနီး၌ MITSUBISHI CANTER ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Refined Sugar (1×50Kg) 80 Bags၊ Chang Beer (200 Pkgs)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၅၆ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကျိုင်းတုံ မေ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် မူးယစ်တပ်ဖွဲ့စု(၂၈)မှ ရဲအုပ် တေဇာစိုးညိုနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၁၉ ရက် ညနေပိုင်းက နောင်ကုန်အုပ်စု နောင်ကုန်-ပါလင်ကျေးရွာသွားလမ်း၌ စောင့်ဆိုင်းနေစဉ် မိုင်းလန်းအုပ်စု ဝမ်ကျင်းကုန်းရွာနေ အောင်ထွဋ် မောင်းနှင်လာသည့် ဆိုင်ကယ်အား တားဆီးစစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀ သိမ်းဆည်းရမိသဖြင့် ၎င်းအား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ကြိုတင်ကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်

- သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားတတ်ပြီး မိုးဦးကျမှစတင်၍ မိုးရာသီတွင် အဖြစ်အများဆုံးဖြစ်ပါသည်။
- ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ပါသည်။
- ဒေသမရွေး၊ လူမျိုးမရွေး၊ အသက်အရွယ်မရွေး၊ အလုပ်အကိုင်မရွေး မည်သူမဆို ကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ခြင်ပေါက်ပွားနိုင်သောနေရာများကို ရှင်းလင်းထားခြင်းဖြင့် မိမိနှင့်ပတ်ဝန်းကျင်ရှိ မိသားစုများကို ကြိုတင်ကာကွယ်နိုင်ပါသည်။
  - (၁) ခြင်ပေါက်ပွားနိုင်သော အိမ်တွင်း၊ အိမ်ပြင်ရှိ ရေသိုလှောင်ထားသည့် ရေစည်၊ ရေအိုးတို့ကို အဖုံးဖုံးထားပါ။
  - (၂) ယင်းတို့တွင် ပိုးလောက်လမ်းများကိုတွေ့ပါက ရေသွန်/လှယ်ပစ်ပါ။
  - (၃) ဘုရားပန်းအိုး၊ နတ်စင်အိုး၊ အိမ်တွင်းအလှပန်းအိုး စသည်တို့ထားရှိပါက အနည်းဆုံး သုံးရက်လျှင် တစ်ကြိမ် ရေလဲလှယ်ပေးပါ။
  - (၄) မိုးရွာပြီး ရေတင်ကျန်နိုင်သည့် အိုး၊ ခွက်၊ တာယာဟောင်း၊ ဘက်ထရီအိုး စသည်တို့ကို ရှင်းလင်းထားပါ။
  - (၅) ရေအောင်းပြီး ခြင်ပေါက်ပွားနိုင်သော ဝါးငုတ်၊ သစ်ခေါင်းများကို မြေဖို့ထားပါ။
  - (၆) ရေကန်များကို အဘိတ်ဆေးခတ်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# သီပေါမြို့နယ် ကုန်းသာကျေးရွာ၌ မိသားစုအိပ်နေစဉ် သေနတ်ဖြင့်ပစ်ခတ်

**သီပေါ မေ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြည်ထောင်စုလမ်းမကြီး မြောက်ဘက်ကုန်းသာကျေးရွာ ရပ်ကွက်(၂)နေ စိုင်းသာဦး(ခ)စိုင်းမျိုးသာဦးနှင့် နန်းဆွေအိမ်တို့ ဆောက်လုပ်ဆဲအိမ်တွင် မိသားစုနှင့်အတူ အိပ်နေစဉ် မေ ၂၀ ရက် နံနက် ၄ နာရီခန့်က သေနတ်ဖြင့် ပစ်ခတ်ခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၎င်းနေအိမ် အိပ်ရာခြေရင်းမှ ခာတ်မီးနှင့်ထိုး၍ ၎င်း၏အမည်အား ခေါ်သဖြင့် အိပ်ရာမှထမည်ပြုစဉ် လူနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်သွားရာ စိုင်းသာဦး၏ လက်ယာပေါင်တွင် ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်(မစိုးရိမ်ရ)နှင့် ဇနီးဖြစ်သူ နန်းဆွေအိမ်၏ ဝမ်းဗိုက် ကျည်ထိမှန်(စိုးရိမ်ရ)သွားသဖြင့် နယ်စည်မခြား ပရဟိတ(သီပေါ) အဖွဲ့က မော်တော်ယာဉ်ဖြင့် သီပေါဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူလျက်ရှိသည်။

အခင်းဖြစ်နေအိမ်အတွင်းမှ ၉ မမ ပစ္စတို ကျည်ခွံသုံးခုကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး နယ်မြေအေးချမ်းရေးအတွက် လိုက်လံရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

**စိုင်း(သီပေါ)**

# ဘားအံမြို့နယ်တွင် လက်နက်ခဲယမ်းများနှင့် WY စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ဘားအံ မေ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ထလုံးကျေးရွာတွင် မေ ၁၉ ရက် ညပိုင်းက ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် ထုံးအိုင်နယ်မြေရဲစခန်းမှူးတို့ ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် သတင်းအရ ဝင်ရောက်ရှာဖွေရာ အမျိုးသားတစ်ဦးထံမှ သေနတ်နှစ်လက်၊ ကျည်နှစ်တောင့်၊ ကျည်ဘောက်တစ်ခု၊ ဖြူ(စ်)တပ်ဆင်ထားသော လက်ပစ်ဗုံးတစ်လုံး အပါအဝင် WY စိတ်ကြွဆေးပြား ၇၂ ပြားတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့၊ ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီမိုး ဦးစီးအဖွဲ့တို့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဘားအံမြို့နယ် နောင်ထလုံးကျေးရွာနေ စောညွှန့်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စောညွှန့်သိန်းသည် နေအိမ်အတွင်းမှ သေနတ်ဖြင့် နှစ်ချက် ပြန်လည်ပစ်ခတ်ပြီး နေအိမ်နောက်ဖေးမှ ခုန်ချထွက်ပြေးသွားသဖြင့် လိုက်လံ လုံးထွေးဖမ်းဆီးရမိခဲ့ပြီး သက်သေများရှေ့ ရှာဖွေရာ ကာဘိုင်သေနတ် တစ်လက်၊ ယင်းကျည်အိမ် တစ်ခု၊ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ အမည်းရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော 98 အမျိုးအစား ဖြူး(စ်)တပ်ဆင်ထားသော လက်ပစ်ဗုံး တစ်လုံး အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WYစာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၇၀၊ အစိမ်းရောင် နှစ်ပြား စုစုပေါင်း ၇၂ ပြားကို လည်းကောင်း၊ ဆက်လက်ရှာဖွေရာ နေအိမ်တဲပေါ်မှ အရှည် ၄ ပေ ၁၀ လက်မခန့်ရှိပြီး ယမ်းအသင့်ထည့်ထားသော တူမီးသေနတ် တစ်လက်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၁-၅-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ Breakfast News
- ၇:၃၅ MRTV Travelogue
- ၈:၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉:၁၀ ထင်ရှားထူးခြား မြန်မာ့ပုံရိပ်များ "မြန်မာ့သနပ်ခါး"
- ၉:၃၅ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Troy"(Turkey)
- ၁၀:၃၀ စိုက်ပျိုးရေးရာအဖြေရှာ "စူးစမ်းလေ့လာ တောင်သူများဆီမှာ"
- ၁၀:၄၅ လုံမမှတ်စု(အပိုင်း-၃၇)
- ၁၁:၀၀ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၂:၄၅ "ဥယျာဉ်နန်းကပန်းသခင်" (စွမ်း၊ လင်းဇာနည်ဇော်၊ ရတနာမိုင်) (ဒါရိုက်တာ-သံလျင်ဖိုးကျော်)
- ၁၄:၁၀ Tasty Trip
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၂၃)

**ညပိုင်း**

- ၁၆:၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဒဿနိကဗေဒ အထူးပြု) (ဒဿနိကဗေဒ)
- ၁၆:၄၅ "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ရူပဗေဒဘာသာရပ်)
- ၁၇:၀၅ This Week's special Interest
- ၁၇:၃၅ Yes or No Talk Show
- ၁၈:၂၀ Football Magazine
- ၁၈:၃၅ ဥပဒေရေးရာအဖြာဖြာ "မြန်မာတရားလမ်းဓမ္မသတ်ချုပ် ဆွေးနွေးခန်း"(၂)
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ "ယဉ်ကျေးမှုမြို့တော်မှ အဖိုးတန်ပြယုဂ်များ"(အပိုင်း-၅) (ရွှေကျင်ကျောင်းတိုက်)
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်"(အပိုင်း-၃၅)
  - -မျက်မှောက်ရေးရာ သုံးသပ်စရာ
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၁၂)
  - - အစီအစဉ်ပြီး၏။

# မူးယစ်ဆေးဝါးသုံးစွဲနေသူအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိ

**ထီးချိုင့် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်တကောင်ကျေးရွာတွင် မေ ၂၀ ရက် နံနက် ၆ နာရီက နေအိမ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲနေသူအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ရဲအုပ်ကျော်စိုးလင်း ဦးစီးတပ်ဖွဲ့ဝင်များသည် ကသာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် သက်သေများနှင့်အတူ ကြက်တကောင်ကျေးရွာအုပ်စု ကြက်တကောင်ကျေးရွာနေ မောင်မြင့်(၅၉)နှစ်၏ နေအိမ်အား သတင်းအရဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့ရှိ ၎င်း၏အိပ်ရာခေါင်းအုံးအောက်မှ ပုလင်းငယ်များဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၁ ဒသမ ၉ ဂရမ်၊ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်မြင့်အား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# မန်ယူကိုနိုင်ပြီး ချယ်လ်ဆီးအသင်း အက်ဖ်အေဖလား ရှစ်ကြိမ်မြောက်ဆွတ်ခူး
# မန်ယူရဲ့ အက်ဖ်အေဖလားရရှိမှုကို လိုက်မီဖို့ လေးကြိမ် ထပ်မံဗိုလ်စွဲရန်လိုအပ်နေ



ချယ်လ်ဆီးအသင်းဟာ မန်ယူအသင်းနဲ့ ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲမှာ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားကို ရှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပွဲကစားချိန် ၂၂ မိနစ်အရောက်မှာ ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်ရဲ့ တစ်ကိုယ်တော်တိုက်စစ်ဆင်မှုကို မန်ယူနောက်တန်းကစားသမား ဖီးဂျုံးစ်က ဟန့်တားခဲ့ရာမှာ ကွင်းလယ်ဒိုင်က ကြမ်းတမ်းစွာကစားခဲ့တယ်ဆိုပြီး ဖီးဂျုံးစ်ကို အဝါကတ်ပြကာ ချယ်လ်ဆီးအသင်းကို ပင်နယ်တီ ကန်ခွင့်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီပင်နယ်တီကို ဟာဇက်ကပဲ သွင်းယူခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးတစ်ဂိုးတည်းနဲ့သာ ချယ်လ်ဆီးအသင်းက မန်ယူအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုနိုင်ပွဲဟာ ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီအတွက်တော့ ချယ်လ်ဆီးမှာ ဆက်ရှိနေမယ့် အလားအလာလို့ဆိုရမှာပါ။ ဘာလို့လဲဆိုရင် ချယ်လ်ဆီးအသင်းနဲ့ ဟက်ဒါဖီးလ်အသင်းနဲ့ ပွဲစဉ်မှာ သရေပွဲဖြစ်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်းက ထွက်ခွာဖို့ နည်းပြကွန်တီ စီစဉ်ခဲ့လို့လည်းဖြစ်ပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ် အမှတ်ပေးဇယားမှာ အဆင့်(၄) မဝင်ခဲ့ခြင်းကလည်း လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ကိုပါ ထပ်မံဆုံးရှုံးခဲ့ရတာဟာလည်း နည်းပြ ကွန်တီအတွက်နဲ့ အသင်းအတွက် အရှက်ရစေခဲ့တယ်လို့လည်း ကွန်တီက ယုံကြည်ထားပါတယ်။

နည်းပြ ကွန်တီဟာ ၂၀၁၆ ခုနှစ်မှာ ချယ်လ်ဆီးအသင်းကို ရောက်လာပြီး ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။ အခု အက်ဖ်အေဖလားနိုင်ပွဲရရှိပြီးချိန်မှာတော့ နည်းပြကွန်တီက "ဒီကနေ့ဟာ ချယ်လ်ဆီးအသင်းအနိုင်ရဖို့ အတော်လေးခက်ခဲခဲ့ပါတယ်။ မန်ယူအသင်းလိုမျိုး စုဖွဲ့မှုကောင်းတဲ့ အသင်းတစ်သင်းနဲ့ ယှဉ်ပြိုင်ကစားပြီးမှ အခုဖလားရရှိခဲ့လို့ အသင်းအတွက် ကျေနပ်မိပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

အခုလိုမျိုး နောက်ဆုံးဗိုလ်လုပွဲရောက်မှ ရှုံးနိမ့်ပြီး ထွက်ခွာခဲ့ရတာဟာ အင်္ဂလန်အသင်းတွေကို ကိုင်တွယ်စဉ်မှာ ဒီတစ်ကြိမ်ဟာ မန်ယူအသင်းနည်းပြ မော်ရင်ဟိုအတွက် ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

မော်ရင်ဟိုအနေနဲ့ အသင်းဟောင်းနဲ့ ပြန်လည်ဆုံတွေ့တဲ့ပွဲစဉ်ဖြစ်သလို အဲဒီ ချယ်လ်ဆီးအသင်းမှာရော အခုမန်ယူအသင်းမှာပါ အင်္ဂလန်ပြည်တွင်း ပြိုင်ပွဲတွေရဲ့ နောက်ဆုံးဗိုလ်လုပွဲတွေမှာ ရှုံးနိမ့်ခဲ့တာ မရှိခဲ့ပါဘူး။ ဒီနှစ်သင်းမှာ တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ ပရီမီယာလိဂ်ဖလား လေးကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်၊ ယူရိုပါလိဂ်ဖလား တစ်ကြိမ် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအတွက်တော့ အခု အက်ဖ်အေဖလားဟာ အသင်းအတွက် ရှစ်ကြိမ်မြောက်ရရှိခဲ့တဲ့ ဆုဖလားဖြစ်ပြီး စပါးအသင်းနဲ့ အက်ဖ်အေဖလားရရှိမှု တူညီသွားခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အက်ဖ်အေဖလားရရှိမှုကို ကြည့်မယ်ဆိုရင် မန်ယူအသင်းက ၁၂ ကြိမ်နဲ့ အာဆင်နယ်အသင်းက ၁၃ ကြိမ် အသီးသီးရရှိထားကာ မန်ယူအသင်းရဲ့ အက်ဖ်အေဖလားရရှိမှုကို လိုက်မီဖို့ဆိုရင် ချယ်လ်ဆီးအသင်းအနေနဲ့ နောက်ထပ်လေးကြိမ်အထိ ချန်ပီယံဖြစ်ဖို့ လိုအပ်နေသေးတာကိုလည်း တွေ့ရပါတယ်။

# အက်ဖ်အေဖလားရှုံးနိမ့်ပြီးနောက် အပြောင်းအရွှေ့ဈေးကွက်အတွင်း မော်ရင်ဟိုအား ငွေကြေးသုံးစွဲခွင့်ပြုရန် အသင်းကို မာတစ် တောင်းဆို



ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် မန်ယူအသင်းရှုံးနိမ့်ခဲ့ပြီးနောက် နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း နည်းပြ မော်ရင်ဟိုအား ကစားသမားခေါ်ယူမှုအတွက် ငွေကြေးသုံးစွဲခွင့်ပြုရန် ကွင်းလယ်ကစားသမား မာတစ်က မန်ယူအသင်းတာဝန်ရှိသူများအား တောင်းဆိုလိုက်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား မာတစ်သည် မန်ယူအသင်းသို့ ရောက်ရှိခဲ့သည်မှာ သုံးနှစ်ရှိသွားခဲ့ပြီဖြစ်ပြီး ယခုနှစ်သည် ဆုဖလားတစ်လုံးမျှရရှိခဲ့ခြင်းမရှိခဲ့သည့်အတွက် သုံးနှစ်တာကာလအတွင်း ဖလားလက်မဲ့ရာသီနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

ထို့ကြောင့် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဆုဖလား ရယူနိုင်ရေးအတွက် မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို ယှဉ်ပြိုင်နိုင်ရန် နည်းပြ မော်ရင်ဟိုအနေဖြင့် ကစားသမားခေါ်ယူမှုအတွက် နောက်ထပ်ဘဏ္ဍာငွေလိုအပ်လိမ့်မည်ဟု ကွင်းလယ်ကစားသမား မာတစ်က ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

နည်းပြ မော်ရင်ဟိုကလည်း နွေရာသီအပြောင်းအရွှေ့ ဈေးကွက်အတွင်း ဘယ်နောက်ခံကစားသမားတစ်ဦး ခေါ်ယူရန် ပြင်ဆင်နေသည့်အပြင် ဂျူဗင်တပ်အသင်းမှ အဲလက်ဆန်ဒရို၊ စပါးအသင်းမှ ဒန်နီရို့စ်နှင့် ဆဲလ်တစ်အသင်းမှ ကီယန်တီယာနေတို့ကို စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းမှ ဗဟိုကွင်းလယ်ကစားသမား ဖရက်ဒ်ကို လာမည့်သီတင်းပတ်များအတွင်း အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူရန် စီစဉ်လျက်ရှိပြီး နာပိုလီကစားသမား ဂျော်ဂျင်ဟိုကို ခေါ်ယူရန်အတွက်လည်း မန်စီးတီးအသင်းနှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် ကွင်းလယ်ပိုင်းနှင့် နောက်တန်းခံစစ်ကြောင်းကိုသာ အားဖြည့်ရန်ရှိနေပြီး တိုက်စစ်ပိုင်းအတွက်မူ မလိုအပ်သေးကြောင်း ပြောကြားထားသည်။ သို့ရာတွင် ကွင်းလယ်ကစားသမား မာတစ်က မန်ယူအသင်းမှာ ပြိုင်ဘက်များ၏ ခြေစွမ်းပိုင်းနှင့်နှိုင်းယှဉ်ပါက အလွန်အမင်းကွာဟနေသည်ဟု မထင်မိသော်လည်း မန်ယူအသင်း၏ စွမ်းဆောင်ရည်ကို ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်ကသာ သက်သေပြခဲ့ကြောင်း ပြောကြားခဲ့သည်။

**ငွေကြယ် - ရေးသားသည်**




မေ ၁၉ ရက်ညပိုင်းက ယှဉ်ပြိုင်ခဲ့သည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် မန်ယူအသင်းအနေဖြင့် ချယ်လ်ဆီးကို ဟာဇက်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း မန်ယူသာလျှင် ချန်ပီယံဆုနှင့် ပိုမိုထိုက်တန်သော ခြေစွမ်းကို ပြသနိုင်ခဲ့သည်ဟု မန်ယူနည်းပြ မော်ရင်ဟိုက ပွဲအပြီးတွင် ပြောကြားသွားခဲ့သည်။

မန်ယူအသင်းအနေဖြင့် ဘောလုံးပိုင်ဆိုင်မှုအပိုင်း၊ ဂိုးပေါက်ခြိမ်းခြောက်မှုတို့တွင် ချယ်လ်ဆီးထက် အစစအရာရာသာလွန်ခဲ့သော်လည်း မာကျော့လွန်းသည့် ချယ်လ်ဆီးခံစစ်ကြောင်းကို မကျော်နိုင်ဘဲ ပွဲအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ကာ ဖလားလက်မဲ့ရာသီဖြင့် အဆုံးသတ်ခဲ့ရပြီဖြစ်သည်။

မော်ရင်ဟိုက "ကျွန်တော့်အနေနဲ့ ချန်ပီယံဖြစ်သွားတဲ့သူတွေကို ဂုဏ်ပြုစကား ပြောကြားလိုပါတယ်၊ သူတို့အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ချန်ပီယံဆုနဲ့ ပိုထိုက်တန်ပါတယ်။ ကျွန်တော်က မန်ချက်စတာယူနိုက်တက်ရဲ့ မန်နေဂျာပါ။ သူတို့က ကျွန်တော့်ရဲ့ ကလပ်အသင်းဟောင်းမို့မဟုတ်ဘဲ သူတို့ကို လေးစားမှုရှိရပါမယ်။ သူတို့က အက်ဖ်အေဖလားယူသွားခဲ့တဲ့ ပြိုင်ဘက်အသင်းပါ။ ကျွန်တော်တို့ကတော့ ချန်ပီယံဆုနဲ့ ထိုက်တန်တဲ့အသင်းလို့ ကျွန်တော် ယူဆပါတယ်။ ကျွန်တော်တို့က အကောင်းဆုံးအသင်းပါ။ ဒါက ဘောလုံးပါပဲ"ဟု ဆိုခဲ့ခြင်းဖြစ်သည်။

လူကာကူကို ပွဲထွက်စာရင်းတွင် အသုံးမပြုခဲ့ခြင်းက ကစားသမားကိုယ်တိုင်က သူ့အနေဖြင့် ကြံ့ခိုင်မှုမပြည့်ဟု ပြောကြားခဲ့ခြင်းကြောင့်ဖြစ်ကြောင်းလည်း မော်ရင်ဟိုက ပြောကြားခဲ့သည်။ ထို့ပြင် "ကျွန်တော့်အနေနဲ့ စူးစမ်းကြည့်ချင်တာက ကျွန်တော့်အသင်းသာ အခု ချယ်လ်ဆီးကစားသလို ပုံစံမျိုးနဲ့ ကစားသွားရင် လူတွေ ဘယ်လိုများပြောဆိုကြမလဲ၊ ရေးသားကြမလဲဆိုတာပါ" ဟု မော်ရင်ဟိုက ချယ်လ်ဆီးအသင်း အသုံးပြုခဲ့သည့် ၃-၅-၁-၁ ကစားကွက်အပေါ် သွယ်ဝိုက်သောနည်းဖြင့် ဝေဖန်ခဲ့သည်။

**မေလှဲ့သင်း - ရေးသားသည်**

# ဂျာမနီအသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့ရခြင်းကြောင့် ရင်ကွဲသလို ခံစားရဟု ၂၀၁၄ ကမ္ဘာ့ဖလားအနိုင်ဂိုးသွင်းရှင် ဂေါ့ဇီ ဖွင့်ဟ



မာရီယိုဂေါ့ဇီက ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီလက်ရွေးစင်အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ရခြင်းကြောင့် သူ့အနေဖြင့် ရင်ကွဲသလို ခံစားရကြောင်း တွစ်တာစာမျက်နှာပေါ်မှ တစ်ဆင့် ခံစားချက်ကို ဖွင့်ဟရေးသားသွားခဲ့သည်။ ဂေါ့ဇီက "ကျွန်တော့်အနေနဲ့ ဂျာမနီနဲ့ ကမ္ဘာ့ဖလား မန္တရတာကြောင့် ဝမ်းနည်းရတာပေါ့ဗျာ။ ကျွန်တော့်ဘက်က လက်ရွေးစင်အသင်းမှာပါဝင်ခွင့်ရဖို့ စွမ်းနိုင်သမျှ အကုန်လုံးလုပ်ခဲ့တာပါ"ဟု ရေးသားသွားခဲ့ခြင်းဖြစ်သည်။

ဂေါ့ဇီမှာ လွန်ခဲ့သည့်လေးနှစ် ဘရာဇီးမြေတွင် အာဂျင်တီးနားအသင်းဘက်ကို အချိန်ပိုတွင် အနိုင်ဂိုးသွင်းပြီး ဂျာမနီအသင်းကို ကမ္ဘာ့ချန်ပီယံအဖြစ် လေးကြိမ်မြောက်အောင်ပွဲခံခဲ့စေသူဖြစ်သည်။ သို့သော် ဂေါ့ဇီမှာ ပြီးခဲ့သည့်မတ်လကတည်းက ထူးဆန်းသည့် ဇီဝကမ္မဖြစ်စဉ် နှောင့်နှေးမှုဖြစ်ပွားခဲ့ပြီး မိုင်ယိုပသီခေါ် ကြွက်သားတစ်သျှူး ပုံမှန်မဟုတ်သည့် ရောဂါတစ်မျိုးဖြစ်ပွားနေခြင်း ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ နိုဝင်ဘာလအတွင်း ဂျာမနီအသင်းအတွက် ပြန်လည်ခေါ်ယူခြင်းခံခဲ့ရသော်လည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီအသင်းအတွက်မူ နည်းပြ ဂျိုအားချင်လိုက မန်စီးတီးတိုက်စစ်မှူး ဆာနေးကိုရွေးချယ်ပြီး ဂေါ့ဇီကို ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

### ပေါ်တိုနောက်ခံလူ ရီကာဒိုပါရဲရားကို ငါးနှစ်စာချုပ်ဖြင့် လက်စတာအသင်းခေါ်ယူ

ပေါ်တူဂီညာတောင်ပံခံစစ်ကစားသမား ရီကာဒိုပါရဲရားကို လက်စတာအသင်းက ပြောင်းရွှေ့ကြေး ပေါင် ၂၂ ဒသမ ၅ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ပါရဲရားမှာ လက်စတာအသင်းကို ရောက်ရှိလာခြင်းကြောင့် လက်စတာအသင်းတွင် ပေါ်တူဂီအသင်းဖော် အန်ဒရီဆေးလ်ဗားနှင့် တွဲဖက်ကစားခွင့်ရတော့မည်ဖြစ်သည်။

လက်စတာအသင်းက "နောက်ခံလူ ရီကာဒိုပါရဲရားကို ခေါ်ယူဖို့ ပေါ်တိုအသင်းနဲ့ သဘောတူညီမှုရရှိပြီးပါပြီ(လက်စတာ မေ ၁၉ရက်)"ဟု လက်စတာရုပ်သံမှတစ်ဆင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ပါရဲရားကိုယ်တိုင်ကလည်း "ကျွန်တော် ဒီနေရာမှာ ရောက်ရှိတာကို ပျော်ရွှင်ပါတယ်။ ပရီမီယာလိဂ်ဘောလုံးပရိသတ်၊ ပတ်ဝန်းကျင်တွေက ကမ္ဘာပေါ်မှာ အကောင်းဆုံးပါ"ဟု ရုပ်သံမှတစ်ဆင့် ပြောခဲ့သည်။

# အစာအဆိပ်သင့်မှုအန္တရာယ် ကင်းဝေးဖို့ သန့်ရှင်းစင်ကြယ်အောင် ဆေးကြောကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)



ဧပြီ ၂၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အင်းတကော် မြို့နယ် ပျဉ်းမငူကျေးရွာ၌ မင်္ဂလာဧည့်ခံပွဲတစ်ခုတွင် ဧည့်ခံကျွေးမွေးသော အစားအသောက်များကို စားသောက်မိရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည်။ ပရဟိတအသင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ဝေဒနာခံစားနေရသူ ၄၀ ခန့်ကို ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ရသည်။ "အချဉ်သုပ်ရာတွင် ဂေါ်ဖီထုပ်များကို ရေဆေးစဉ် သေချာစင်ကြယ်အောင် မဆေးကြော၍ဖြစ်ရသည်ဟု ထင်မြင်ယူဆကြောင်း၊ ဇာစ်မြစ်ကိုသိအောင် ကြိုးစားရှာဖွေဖော်ထုတ်သွားမည် ဖြစ်ကြောင်း" ဆေးရုံအုပ်ကြီးက ပြောကြားသည်ဟု သတင်းများတွင် ဖော်ပြထားသည်ကို ဖတ်လိုက်ရသည်။

**ဖြစ်ပွားစေ**

အစာအဆိပ်သင့်သည့် သတင်းများကို သတင်းစာများတွင် မကြာခဏဆိုသလို ဖတ်ရှုရသည်။ တစ်ခါတစ်ရံ အသက်ပင်ဆုံးရှုံးကြရသည်။ ဗက်တီးရီးယားပိုးများ၊ ဗိုင်းရပ်ပိုးမွှားများ၊ ကူးစက်ရောဂါပိုးမွှားများကြောင့် ဖြစ်ရခြင်းဖြစ်သည်။ များသောအားဖြင့်ကျေးလက်ဒေသများတွင်အဖြစ်များလေ့ရှိသည်။ အလှူပွဲများ၊ မင်္ဂလာဆောင်များတွင် ကျွေးမွေးသည့်အစားအသောက်များကို စားသုံးရာမှ အစုလိုက်အပြုံလိုက် ဖြစ်ပွားလေ့ရှိသည်။

အစားအသောက်များ သိုလှောင်ရာတွင်လည်းကောင်း၊ သယ်ဆောင်ရာတွင်လည်းကောင်း၊ ချက်ပြုတ်ကြော်လှော်ရာတွင် လည်းကောင်း၊ လက်လုပ်အချဉ်များပြုလုပ်ရာတွင် လည်းကောင်း၊ အသုပ်မျိုးစုံပြုလုပ်ရာတွင် လည်းကောင်း သန့်ရှင်းစင်ကြယ်အောင်ရေမဆေးခြင်းကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွားရလေ့ရှိသည်။

တစ်ခါတစ်ရံ ဓာတုဆေးဝါးများ၊ ပိုးသတ်ဆေးများပါရှိသည့် ဟင်းသီးဟင်းရွက်များကို ရေစင်ကြယ်အောင်မဆေးကြော၍လည်းအစာအဆိပ်သင့်မှုဖြစ်ပွားရလေ့ရှိသည်။ ချက်ပြုတ်သည့်ဟင်းလျာတွင် ပါဝင်သည့်ပစ္စည်းများ ဓာတ်မတည့်သောကြောင့်လည်း အစာအဆိပ်သင့်မှု ဖြစ်ပွားတတ်ပေသည်။ ထို့အပြင် အသား၊ ငါးများကို သတ်မှတ်သည့်အပူချိန်အထိ ကျက်အောင်ချက်ပြုတ်ခြင်း မရှိလျှင်လည်း အစာအဆိပ်သင့်မှုဖြစ်ပေါ်စေသည်။

**စင်ကြယ်အောင်ဆေးကြောခြင်း**

လက်ရှိအချိန်တွင် အသား၊ငါးများနှင့်ဟင်းသီး၊ဟင်းရွက်များ၌ ဓာတုအဆိပ်အတောက်များနှင့် ပိုးသတ်ဆေးအကြွင်းအကျန်များပါရှိနေတတ်သည်။ ထို့ကြောင့်ပိုးမွှားများနှင့်ကြွင်းကျန်ဓာတုဆေးဝါးများ ကင်းဝေးအောင် အသား၊ ငါးများကို မချက်ပြုတ်မီ စင်ကြယ်အောင်ရေဆေးကြောသင့်ပေသည်။ ထိုနည်းတူစွာ ဟင်းသီး၊ ဟင်းရွက်များကို မချက်ပြုတ်မီ ဆားရည်၊ ရှုလကာရည်ဖြင့် စိမ်ထားသင့်ပေသည်။ အထူးသဖြင့် ပူဒီနာရွက်၊ ဆလတ်ရွက်၊ ဂေါ်ဖီရွက်တို့တွင် ကပ်ပါးကောင်များ၊ သန်ကောင်များ ကပ်နေတတ်သည်။ ရေစင်ကြယ်အောင် ဆေးကြောခြင်းမရှိလျှင် ဗိုက်အောင့်ခြင်း၊ ဝမ်းကိုက်ခြင်းတို့ဖြစ်တတ်သည်။

**လက္ခဏာများ**

အစာအဆိပ်သင့်မှုလက္ခဏာများကိုနာရီပိုင်းအတွင်း တွေ့ရတတ်သည်။ ခေါင်းမူးခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်း၊ အဖျားတက်ခြင်း၊ ခံတွင်းပျက်ခြင်းများဖြစ်လာမည်ဖြစ်သည်။ တချို့သော အစာအဆိပ်သင့်မှုများသည် ပြင်းထန်လေ့မရှိသောကြောင့် ဆေးဝါးကုသရခြင်းမရှိဘဲ သက်သာစေပါသည်။ သို့သော် ကိုယ်ခံအားနည်းသည့်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများသည် ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားသင့်ပေသည်။ ထို့အပြင် အောက်ဖော်ပြပါ လက္ခဏာများတွေ့ရပြီဆိုလျှင် ဆေးဝါးစောင့်ရှောက်မှုလိုအပ်နေပြီဖြစ်သည်-

(၁) အဆက်မပြတ် ပျို့အန်ပြီး အရည်ဓာတ်ခန်းခြောက်လာခြင်း။
(၂) သွေးအန်ခြင်းနှင့် သွေးဝမ်းသွားခြင်း။
(၃) သုံးရက်ထက်ပို၍ ဝမ်းပျက်ဝမ်းလျှောခြင်း။
(၄) မခံနိုင်အောင် ဗိုက်အောင့်၊ ဗိုက်နာဖြစ်ခြင်း။
(၅) ခံတွင်းအပူချိန်သည် ၃၈ ဒီဂရီစင်တီဂရိတ် ကျော်လွန်နေခြင်း။
(၆) ရေဓာတ်ကုန်ခန်းခြင်း၊ (အလွန်အမင်းရေဆာလောင်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ ဆီးနည်းခြင်း၊ လွန်စွာအားအင်ချည့်နဲ့ခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း)
(၇) အမြင်အာရုံ မကြည်လင်ခြင်း၊ ကြွက်သားအားနည်းခြင်းနှင့် လက်မောင်းများကိုက်ခဲခြင်းကဲ့သို့သော အာရုံကြောဆိုင်ရာလက္ခဏာများကို တွေ့ရခြင်း။

**ကြိုတင်ကာကွယ်ခြင်း**

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုမိုထိရောက်ပေသည်။ ထို့ကြောင့်အစာအဆိပ်သင့်မှုမဖြစ်အောင် အောက်ပါနည်းလမ်းများအတိုင်း ကြိုတင်ကာကွယ်သွားသင့်ပေသည်-

**(၁) သန့်ရှင်းစင်ကြယ်အောင်ဆေးကြောခြင်း။** အစားအစာများမကိုင်တွယ်မီ၊ မချက်ပြုတ်မီ ဆပ်ပြာ၊ ရေနွေးတို့ဖြင့် လက်ကိုစင်ကြယ်အောင်ဆေးကြောခြင်းနှင့် အိုးခွက်ပန်းကန်များ၊ စဉ်းတီတုံးများနှင့် ပစ္စည်းတင်စင်များကိုလည်း ဆပ်ပြာ၊ ရေနွေးတို့ဖြင့် သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခြင်း။

**(၂) စားသောက်ကုန်ကြမ်းများနှင့် အသင့်စားအစာများကို သတ်သတ်စီခွဲ၍ထားခြင်း။** ဈေးဝယ်ထွက်လျှင်သော်လည်းကောင်း၊ အစားအစာများကို သိုလှောင်သိမ်းဆည်းရာတွင် လည်းကောင်း၊ ပြင်ဆင်ရာတွင် လည်းကောင်း အသားစိမ်း၊ ငါးစိမ်းများကို အခြားသော စားသောက်ကုန်များနှင့် သတ်သတ်စီ ခွဲ၍ထားခြင်း။ ထိုသို့ထားရှိခြင်းသည် အစားအစာများ ရောနှောရာမှ ဖြစ်ပေါ်တတ်သည့်ဓာတ်မတည့်မှုကို ကာကွယ်ပေးနိုင်သည်။

**(၃) သတ်မှတ်အပူချိန်အထိချက်ပြုတ်ခြင်း။** အစားအသောက်များကို သတ်မှတ်အပူချိန် ရောက်ရှိသည်အထိ ချက်ပြုတ်ခြင်း၊ ထိုသို့ချက်ပြုတ်မည်ဆိုလျှင် ဘေးဒုက္ခပေးနိုင်သော ဇီဝရုပ်ကြွင်းများကိုကာကွယ်နိုင်သည်။

**(၄) ပုပ်သိုးနိုင်သောအစားအစာများကို ရေခဲသေတ္တာထဲတွင် ချက်ချင်းထည့်ခြင်း။** အခန်းအပူချိန်သည် ၃၂ စင်တီဂရိတ်ကျော်လွန်နေလျှင် ပုပ်သိုးနိုင်သောအစားအသောက်များကို တစ်နာရီအတွင်း ရေခဲသေတ္တာထဲသို့ ထည့်ထားခြင်း။

**(၅) အသား၊ ငါးများကို ဘေးကင်းစွာရေခဲဖယ်ရှားခြင်း။** အသား၊ ငါးများကို အခန်းအပူချိန်ဖြင့် ရေခဲပျော်အောင် မလုပ်ခြင်း၊ ဘေးကင်းလုံခြုံသော ရေခဲဖယ်ရှားမှုသည် ရေခဲသေတ္တာအတွင်း၌သာ ဖယ်ရှားခြင်းဖြစ်သည်။

**(၆) မသန့်ရှင်းသောအစားအစာများကိုစွန့်ပစ်ခြင်း။** အစားအစာများကိုကျန်းမာရေးနှင့်ညီညွတ်စွာပြင်ဆင်ထားခြင်း၊ထိန်းသိမ်းထားခြင်း၊သိုလှောင်ထားခြင်းမရှိလျှင် စားသုံးရန်မသင့်သောကြောင့် စွန့်ပစ်သင့်ပေသည်။ အခန်းအပူချိန်ဖြင့်ကာလရှည်ကြာထားရှိသော အစားအစာများတွင် ချက်ပြုတ်ရုံမျှဖြင့် သေကျေ ပျက်စီးနိုင်ခြင်းမရှိသော ဗက်တီးရီးယားများ၊ အဆိပ်အတောက်များပါရှိနေတတ်သည်။ ထိုအစားအစာများသည် အနံ့အသက်နှင့် အရသာကောင်းမွန်နေသည့်တိုင်အောင် ကျန်းမာရေးအတွက် ဘေးကင်းလုံခြုံမှုမရှိတော့ပေ။

**ရှောင်ကြဉ်သင့်**

အစာအဆိပ်သင့်ခြင်းသည်ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သန္ဓေလောင်းများ၊ သက်ကြီး ရွယ်အိုများနှင့်ကိုယ်ခံအားနည်းသူများအတွက် အသက်အန္တရာယ်စိုးရိမ်ရပေသည်။ ထို့ကြောင့် အောက်ဖော်ပြပါ အစားအစာများကိုရှောင်ကြဉ်သင့်ပေသည်-

(၁) အသားစိမ်း၊ငါးစိမ်းများ။
(၂) ကမာများ၊ ခုံးကောင်များနှင့် ယောက်သွားများ အပါအဝင် ချက်ပြုတ်ရခြင်းမရှိသေးသော အသားစိမ်း၊ ငါးစိမ်းများ၊ အခွံမာအကောင်များ။
(၃) ကွတ်ကီး၊ ရေခဲမုန့်တို့တွင် ပါဝင်သည့် ချက်ပြုတ်ရခြင်းမရှိသေးသော ဥများနှင့် အစားအစာများ။
(၄) ပဲပင်ပေါက်အစိမ်းများ။
(၅) ပိုးသတ်ထားခြင်းမရှိသောဖျော်ရည်နှင့်ယမကာများ။
(၆) ပိုးသတ်ထားခြင်းမရှိသော နို့နှင့် နို့ထွက်ပစ္စည်းများ။
(၇) ရေခဲသေတ္တာထဲတွင်ထည့်ထားသော အသား၊ ငါးအသုပ်များ။
(၈) ကာလရှည်ကြာသိမ်းထားသော လက်လုပ်အချဉ်များ။
(၉) ဝမ်းနူးစေသောအစားအစာများ။
(၁၀) သက်တမ်းလွန်အစားအစာများ။

**ပြုစုစောင့်ရှောက်ခြင်း**

အစာအဆိပ်သင့်ခြင်းကိုမိမိနေအိမ်၌ပင်အရေးပေါ်ပြုစုကုသသွားရန်လိုအပ်သည်။ ပြင်းထန်လျှင် ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့သင့်သည်။ များသောအားဖြင့် သုံးရက်မှ ငါးရက်အတွင်း ကုသနိုင်ပေသည်။ အစာအဆိပ်သင့်မှုဖြစ်လျှင် ရေဓာတ်ကို ထိန်းသိမ်းရမည်ဖြစ်သည်။ ရေသည်ကာဗွန်ဟိုက်ဒရိတ်နှင့် ပင်ပန်းနွမ်းနယ်မှုကို ထိန်းသိမ်းစေနိုင်သည်။ လုံလောက်စွာ အနားယူခြင်း၊ အစာကြေလွယ်သောအစားအစာများကို စားသုံးခြင်း၊ အရက်၊ ကော်ဖီ၊ အငန်၊ အစပ်နှင့် အဆီအဆိမ့်တို့ကို ရှောင်ကြဉ်သင့်ပေသည်။ အထူးသဖြင့် အခြားသူများကို ကူးစက်ပြန့်ပွားခြင်းမရှိအောင် တစ်ကိုယ်ရေသုံး ပစ္စည်းများကိုသတ်သတ်စီခွဲခြားအသုံးပြုခြင်း၊ အိမ်သာ၊ ရေစင်များနှင့်ရေချိုးခန်းများကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခြင်း၊ ပိုးသတ်ခြင်းတို့ကို ဆောင်ရွက်သွားသင့်ပေသည်။

**နေထိုင်မှုပုံစံ**

လူတစ်ဦး၏ သက်ရှည်ကျန်းမာမှုသည် အစားအသောက်နှင့် နေထိုင်မှုပုံစံပေါ်တွင် များစွာမူတည်လျက်ရှိသည်။ မျက်မှောက်ခေတ် အစားအသောက်များသည် ဓာတုဆေးဝါးများ၊ ပိုးသတ်ဆေးများ၊ ဆိုးဆေးများနှင့် မကင်းသလောက်ဖြစ်နေသည်။ ထို့အပြင် နေ့စဉ်ရှုရှိုက်နေရသောလေသည်လည်း မလတ်ဆတ်တော့ပေ။ ထိုသို့သောအခြေအနေမျိုးတွင် ကျန်းမာရေးနှင့်ညီညွတ်စွာစားသောက်နေထိုင်မှုမရှိလျှင် ရောဂါတစ်မျိုးမျိုး ဝင်လာပြီးနောက် တန်ဖိုးမဖြတ်နိုင်သော လူ့လောကမှစောစီးစွာ ထွက်ခွာသွားကြရမည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင်ကျန်းမာခြင်းသည် လူတစ်ဦးအတွက် ကြီးမားသောလာဘ်တစ်ပါးပင်ဖြစ်သည်။ အစာအဆိပ်သင့်မှုသည် ပြင်းထန်လျှင် အသက်အန္တရာယ်ပင်စိုးရိမ်ရပေသည်။ ငွေကြေးနှင့်အောင်မြင်မှုများ မည်မျှပင် ရှိနေစေကာမူ ကျန်းမာရေးချူချာနေမည်ဆိုလျှင် ပျော်ရွှင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ရေးသည် အသက်တမျှပင်အရေးပါလျက်ရှိသည်။

လူတစ်ဦးသည် ကျန်းမာနေမှသာလျှင် မိမိချစ်မြတ်နိုးသောမိသားစုများနှင့်အတူ သက်တမ်းစေ့ ပျော်ရွှင်စွာ နေနိုင်မည်ဖြစ်သည်။ ထို့အပြင် တိုင်းပြည်နှင့် လူမျိုးအကျိုးကိုလည်း သယ်ပိုးနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အစာအဆိပ်သင့်မှုအန္တရာယ်မှ ကင်းဝေးပြီး သက်တမ်း စေ့နေနိုင်ရန်အတွက် နေ့စဉ်စားသုံးနေသော အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များအပါအဝင် အစားအစာအားလုံးကို ရေဖြင့်စင်ကြယ်အောင် ဆေးကြောပြီး စားသုံးသွားနိုင်ကြပါစေ။

" လူတစ်ဦး၏ သက်ရှည်ကျန်းမာမှုသည် အစားအသောက်နှင့် နေထိုင်မှုပုံစံပေါ်တွင် များစွာမူတည်...
နေ့စဉ်စားသုံးနေသော အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ အပါအဝင် အစားအစာအားလုံးကို ရေဖြင့် စင်ကြယ်အောင် ဆေးကြောပြီး စားသုံး... "

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ပြင်ဦးလွင်မြို့နယ်၌ကျင်းပ

**ပြင်ဦးလွင် မေ ၂၀**
ပြည်သူလူထုနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်ရည်ရွယ်၍ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာ ကျေးလက်ဘက်စုံသုံး ခန်းမ၌ ကျင်းပသည်။

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ဦးအောင်မင်း (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ ဦးအောင်လွင်ဦး ( လက်ထောက်ညွှန်ကြားရေးမှူး ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးအာကာလင်း (မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဒေါ်ကြည်ကြည်ဝင်း (ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမဦးစီးဌာန)၊ ဦးမောင်မောင်သွင် ( Human Resource Developmental Facilitator)တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်းနှင့်ပတ်သက်၍အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာများမှာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသည့်အတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေ လုပ်ပိုင်ခွင့်များ၊ ကျေးလက်မီးလင်းရေး၊ တောင်သူများထံသို့ ချေးငွေထုတ်ချေးမှု အခြေအနေများ၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဘက်စုံကူညီထောက်ပံ့နိုင်ရေး စသည့် မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါစကားဝိုင်းသို့ လွှတ်တော်ကိုယ်စားလှယ် ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာရေးဆရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဝက်ဝံကျေးရွာ၊ မြိုင်ကြီး၊ ညောင်ပင်သာ၊ညောင်သာယာ၊ ဈေးကုန်း၊ ကျွန်းတပင်၊ ချိုင်း၊ ဘူတာ၊ စိန်ပန်း ၊ ဘိုးနေဒွန်း ကျေးရွာများမှ တောင်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## မန္တလေးမြို့အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးတို့၌ လုံခြုံရေး တိုးမြှင့်ဆောင်ရွက်

**မန္တလေး မေ ၂၀**
လူထုနှင့်စပ်လျဉ်းသည့် ထူးခြားဖြစ်စဉ်များဖြစ်ပေါ်ခဲ့ပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ဈေးသူဈေးသားနှင့် ဈေးဝယ်များအားလုံးအတွက် လုံခြုံမှုပိုမိုရရှိစေရန် မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးတို့၌ လုံခြုံရေးများ တိုးမြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

"အရင်တုန်းကဆိုရင်တော့ ဈေးလုံခြုံနဲ့ပတ်သက်ပြီးတော့ ထူးခြားသတင်းဖြစ်စဉ်တွေဖြစ်ရင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်က အဖွဲ့တွေနဲ့ ဈေးအကျိုးတော်ဆောင်အဖွဲ့နဲ့ထိတွေ့ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်၊ ဒီဘက်ခေတ်မှာတော့ ပူးပေါင်းဆောင်ရွက်တဲ့ အပိုင်းတွေ လျော့နည်းလာပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ လျော့နည်းတာကို ကျွန်တော်တို့ရှိတဲ့အင်အားနဲ့ အစွမ်းကုန်ဆောင်ရွက်နေပါတယ်၊ ကျွန်တော်တို့အနေနဲ့ဈေးဝယ်သူတွေ တစ်နေ့ကို တစ်ထောင်ကနေသောင်းချီ ဝင်ထွက်သွားလာနေတဲ့နေရာကြီးတစ်ခုဖြစ်တဲ့အတွက် လုံခြုံရေးကို သက်ဆိုင်ရာက ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်" ဟု အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ကိုမင်းမင်းက ပြောသည်။

အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးဈေးလုံခြုံရေးကို နယ်မြေခံရဲတပ်ဖွဲ့၊ ဈေးအကျိုးတော်ဆောင်အဖွဲ့၊ ဈေးစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ဈေးချိုမီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းကာ ဆောင်ရွက်နေခြင်းဖြစ်သည်။

မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းဝန်းကျင်၌ ခရစ်နှစ် ၂၀၀၁၊ ၂၀၀၄၊ ၂၀၁၀ ခုနှစ်များက မသမာသူများ၏ ဖောက်ခွဲခြင်းကို ခံခဲ့ရပြီး ၂၀၁၀ ပြည့်နှစ် ဖောက်ခွဲခံရမှုတွင် လူသေဆုံးသည်အထိ ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

**၀၀၂**




## တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လည်ပတ်

**နေပြည်တော် မေ ၂၀**
နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှု ဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

မေ ၉ ရက်မှ မေ ၁၇ ရက်အထိ တာချီလိတ်နယ်စပ်ဝင်/ထွက်ပေါက်မှတစ်ဆင့် ညအိပ်၊ နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၁၄၅၄ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၃၄ ဦး၊ ဗီဇာဖြင့်လာရောက် လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၇၃ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိအထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဉယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူသစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန်စသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ဧပြီ ၁ ရက်မှ မေ ၁၇ ရက်အထိ နေ့ချင်းပြန်ခရီးသည် ၁၀၄၄၃၇ ဦး ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် ၁၄၀၉ ဦးနှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည် ၁၀၄၀ တို့ ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**စစ်ကိုင်း မေ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုနှင့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲ အခမ်းအနားကို မေ ၂၀ ရက် နံနက် ၈ နာရီခွဲက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ရင်းနှီးမြှုပ်နှံမှုနှင့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍဟူ၍ မူဝါဒ(၃)ရပ်ချမှတ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးစားပေးကဏ္ဍများတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံလိုသူများ အဆင်ပြေစေရန်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အခွင့်အလမ်းနှင့် ခံစားခွင့်များကိုလည်း အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး စစ်ကိုင်းခရိုင်အတွင်းရှိ SMEs လုပ်ငန်းရှင်များက မိမိတို့ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းများအခြေအနေနှင့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မ၊ မြို့ဖ အဖွဲ့နှင့် မြို့အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

## မန္တလေးမြို့တွင် ခေတ်မီမီးသတ်ပစ္စည်းအမျိုးမျိုး ရွေးချယ်ဝယ်ယူသုံးစွဲသူများလာ

**မန္တလေး မေ ၂၀**
မန္တလေးမြို့တွင် မီးဘေးကြိုတင်ကာကွယ်နိုင်ရန် ခေတ်မီမီးသတ်ပစ္စည်းအမျိုးမျိုး ရွေးချယ်ဝယ်ယူသုံးစွဲသူများလာကြောင်း မီးသတ်ပစ္စည်းအမျိုးမျိုးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း အရောင်းဆိုင်တချို့မှ သိရသည်။

"အခု မီးသတ်ဆေးဘူးအပြင် မီးသတ်ဘောလုံးတွေ၊ မီးသတ်ဆေးဘူးအသေးလေးတွေ၊ ရေစုပ်စက်အသေးနဲ့ မီးသတ်ပိုက်လိပ်တွေ ဝယ်ယူမှုရှိလာတယ်၊ ခေတ်မီမီးသတ်ပစ္စည်းအမျိုးမျိုး ရွေးချယ်ဝယ်ယူလာကြတယ်၊ တရုတ်ပစ္စည်းရော ဂျပန်ပစ္စည်းရော ရောင်းချပေမယ့် ဈေးသက်သာတဲ့ တရုတ်ပစ္စည်းတွေက ပိုရောင်းရတယ်" ဟု ရတနာမိုး မီးသတ်ပစ္စည်းအမျိုးမျိုးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း အရောင်းဆိုင်ပိုင်ရှင် ကိုသန်းဌေးက ပြောသည်။

ယခင်က မီးသတ်ဆေးဘူး တစ်ဘူးရောင်းချရန် မလွယ်ကူခဲ့ပေမယ့် ယခုအခါ မျက်စိပွင့်နားပွင့်ဖြစ်လာပြီး အိမ်များတွင် မီးသတ်ဆေးဘူးဆောင်သူ များလာကြောင်း၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များတွင် မီးသတ်ဆေးဘူး အသေးများ ဆောင်လာကြကြောင်း၊ အိမ် မီးဘေးလုံခြုံရေးအတွက် မီးဘေးစိုးရိမ်ရသော နေရာများတွင် အလိုအလျောက် မီးငြိမ်းသတ်ပေးသော မီးသတ်ဘောလုံးများ ထားလာကြကြောင်း မီးသတ်ပစ္စည်းအမျိုးမျိုး တစ်ပိုင်တစ်နိုင် ရောင်းဝယ်လုပ်ကိုင်သူ ကိုတင်ထွန်းကပြောသည်။

မန္တလေးဈေးကွက်တွင် တရုတ်နိုင်ငံထုတ် မီးသတ်ဆေးဘူး တစ်ဘူးလျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်၊ ဂျပန်နိုင်ငံထုတ် မီးသတ်ဆေးဘူး တစ်ဘူးလျှင် ကျပ် ၅၀၀၀၀ ဝန်းကျင်၊ တရုတ်နိုင်ငံထုတ် မီးသတ်ဘောလုံး တစ်လုံးလျှင် ကျပ် ၁၅၀၀၀ ဝန်းကျင်၊ မီးသတ်ပိုက်လိပ် တစ်လိပ်လျှင် ကျပ်နှစ်သိန်းဝန်းကျင် ဈေးရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ဒလသင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေး ညှိနှိုင်းစည်းဝေး

**ဒလ မေ ၂၀**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွားမိဘပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် လမ်းမကြီးများပေါ်သို့ ရောက်ရှိနေသော လမ်းဘေး ကျူးကျော်ဆိုင်များ၊ စက်ဘီး၊ ဆိုင်ကယ်အပ်ဆိုင်များ၊ ဆိုက်ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်ကယ်ရီများ၊ မော်တော်ယာဉ်များအား စည်းကမ်းတကျရှိစေရေးနှင့် ခရီးသွားမိဘပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေး ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒလမြို့နယ် သင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေးကော်မတီ ညှိနှိုင်းစည်းဝေးပွဲကို မေ ၁၉ ရက် နံနက် ၁၁ နာရီက ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်္ဘောဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေး ကော်မတီ နာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ဒလသင်္ဘောဆိပ်၌ လက်ရှိအချိန်တွင် လမ်းမပေါ်သို့ ကျူးကျော်ဈေးဆိုင်များ ရောင်းချနေမှု၊ ဆိုင်ကယ်ကယ်ရီများနှင့် သုံးဘီးဆိုင်ကယ်များသည် သင်္ဘောဆိပ်အဝိုင်း (ဝ)ဇုန်ဧရိယာအတွင်း ခရီးသည်တင်ဆောင်မှုကြောင့် လမ်းပိတ်ဆို့ခြင်းနှင့် ယာဉ်ရပ်နားမှုများ ပြုလုပ်နေခြင်းတို့ကြောင့် နေ့စဉ်ခရီးသွားပြည်သူများစွာတို့မှာ အဆင်မပြေမှုများကြုံတွေ့နေရပြီး ခရီးသည်များ အဆင်ပြေချောမွေ့စေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရေး၊ စည်းကမ်းနှင့်အညီထားရှိစေရေးနှင့် မြို့နယ်အင်္ဂါရပ်နှင့်အညီ စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာသည့် သင်္ဘောဆိပ်ကမ်းသန့်ရှင်းသာယာလှပစေရေး ကော်မတီအဖွဲ့ဝင်များကို ဆွေးနွေးအကြံပြုရန် ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနစုမှူး (ဦးစီးအရာရှိ) ဦးမောင်မောင်လွင်၊ ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာ ဒေါ်အေးအေးမာနှင့် မြို့မိမြို့ဖများက ဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒလမြို့နယ် သင်္ဘောဆိပ်ကမ်း၌ လမ်းဘေးဈေးဆိုင်များ စနစ်တကျရောင်းဝယ်နိုင်ရေး၊ ဆိုင်ကယ်ဂိတ်၊ ဆိုက်ကားဂိတ်များ၊ သုံးဘီးဆိုင်ကယ်များနှင့် တွံတေး၊ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ သွားလာကြသော ခရီးသည်တင်ယာဉ်များနှင့် အငှားယာဉ် ဂိတ်များကိုလည်း စနစ်တကျ နေရာများသတ်မှတ်ပြီး ဆောင်ရွက်ထားသော်လည်း ယခုအခါ လမ်းဧရိယာပေါ်တွင် အပြည့်အဝ ကျူးကျော်ဝင်ရောက်နေခြင်းတို့ကြောင့် စည်းကမ်းပျက်မှုများရှိနေကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်

**သထုံ မေ ၂၀**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက သထုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး နန်းစံဝင့်ခိုင်က အမှာစကားပြောကြားသည်။

သထုံခရိုင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်း စည်းဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့တို့က စွန့်လွှတ်မြေများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြကာ တာဝန်ရှိသူတို့က စွန့်လွှတ်မြေဧကပေါင်း ၁၂၀ ဒသမ ၈၈၂ ဧကအား မူလပိုင်ရှင် ၁၁ ဦး၏ လက်ဝယ်သို့ ပြန်လည်ပေးအပ်ရာ နောင်ကုလားကျေးရွာမှ မူလမြေပိုင်ရှင်တစ်ဦးက ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မူလမြေပိုင်ရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ မြောင်းမြတွင်ပြုလုပ်

**မြောင်းမြ မေ ၂၀**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို မေ ၁၉ ရက် နံနက် ၈ နာရီက အ. ထ. က (၁) ကျောင်း ပညာရတနာခန်းမ၌ ပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြောင်းမြမြို့နယ် ပညာရေးမှူးရုံး ဒုတိယဦးစီးမှူးဦးဝင်းကျော်ကျော်က အမှာစကားပြောကြားပြီး မြောင်းမြခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဇော်ဌေးက လျှပ်စစ်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန် နည်းလမ်းများ၊ လျှပ်စစ်လှုပ်နေစဉ် လိုက်နာရမည့် အချက်များ၊ ရှောင်ရှားသင့်သည့် အချက်များ၊ လျှပ်စစ်လှုပ်ပြီးနောက် ပြုလုပ်ရမည့် အချက်များ၊ အရေးပေါ် ကယ်ထုတ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ လျှပ်စစ်လှုပ်ခတ်မှု အပြီးတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသိပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်လာသော အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး မြောင်းမြခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများက လျှပ်စစ်ဘေးအန္တရာယ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အထက(၁) ကျောင်းအုပ်ကြီးနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်း၊ အလယ်တန်းကျောင်းများမှ ဆရာ ဆရာမ ၄၅၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**



## လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေး၊ လက်တွေ့လေ့ကျင့်သရုပ်ပြ

**ပုသိမ် မေ ၂၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ အခြေခံပညာဦးစီးဌာနမှ ဒုတိယတန်း (Grade.2)သင်ရိုးသစ် သင်ကြားကြမည့် ကျောင်းအုပ်စုအဆင့် တက်ရောက်လျက်ရှိသော ဆရာ ဆရာမများကိုဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့်မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို မေ ၂၀ နံနက် ၈ နာရီမှ စတင်၍ပုသိမ်မြို့ အမှတ်(၁)အ. လ. က(မြို့မ)အထက်တန်းကျောင်းခွဲ ပညာမဉ္ဇူခန်းမ၌ ပြုလုပ်သည်။



ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းစိုး(ညွှန်ကြားရေးမှူး)က အဖွင့်အမှာစကားပြောကြားပြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးဟန်လင်းထွဋ်က လျှပ်စစ်အန္တရာယ်နှင့် ပတ်သက်သည်များနှင့် ဘေးအန္တရာယ် ကျရောက်လာပါက မည်ကဲ့သို့ လုပ်ဆောင်ရမည်တို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့က ရှေးဦးပြုစုနည်းများ အကြောင်း ရှင်းလင်းပြောကြားကာ လျှပ်စစ်ဘေး ကျရောက်လာပါက ဆောင်ရွက်ကြရမည့် နည်းလမ်းများကို လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဟန်**

## လှိုင်သာယာမီးဘေးသင့်ပြည်သူများ ယာယီနေအိမ်ခန်း မဲနှိုက်

**လှိုင်သာယာ မေ ၂၀**
လှိုင်သာယာမီးဘေးသင့်ပြည်သူများ ယာယီနေအိမ်ခန်းများ မဲနှိုက်ခြင်းအခမ်းအနားကိုမေ ၂၀ ရက် နံနက် ၁၀ နာရီက လှိုင်သာယာမြို့နယ်ရှိ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၆) ရပ်ကွက်စက်မှုဇုန်အပိုင်း(၄)ရန်ကုန်-ပုသိမ်ကားလမ်းမဘေးရှိ လူနေအိမ်များမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလက မီးလောင်မှုဖြစ်ပွားခဲ့ပြီး စုစုပေါင်း အိမ်ထောင်စု ၇၁ စု မီးဘေးသင့်ခံရခြင်းကြောင့်ယခုကဲ့သို့ယာယီနေရာချထားပေးခြင်းဖြစ်သည်။

"သူတို့တွေဘယ်အခန်းမှာနေရမယ်ဆိုတာ မဲနှိုက်တာပါ။ ပြီးရင် သူတို့နေရမယ့်အခန်းသော့ကို တစ်ခါတည်း ပေးလိုက်မှာပါ။ နေထိုင်စဉ်မှာလည်း သူတို့လိုက်နာရမယ့် စည်းကမ်းချက်တွေရေးထားတဲ့ စာရွက်ပေးလိုက်မှာပါ" ဟု လှိုင်သာယာမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ပြောသည်။

ယနေ့တွင်မီးဘေးသင့်ပြည်သူများအနက်စမတ်ကတ်ရှိသူ အိမ်ထောင်စု ၃၃ စုအား မဲနှိုက်ပေးခြင်းဖြစ်ပြီး အိမ်ထောင်စု ၂၅ စုမှာစမတ်ကတ်ပျောက်ဆုံးနေကြောင်း၊ ကျန်ရှိသည့်အိမ်ထောင်စု ၁၃ စုမှာ စမတ်ကတ်မရှိကြောင်း သိရသည်။

"ကျွန်တော်တို့မြေပြင်မှာ စမတ်ကတ်ရှိ၊ မရှိ စာရင်းကောက်တာ ၃၃ စုပဲရတယ်။ အဲဒီလူတွေပဲဒီနေ့မဲနှိုက်ရတာပါ၊ ကျန်တဲ့အိမ်ထောင်စုတွေကို စမတ်ကတ်တကယ်ရှိ၊ မရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှာ စိစစ်ပြီး ဒုတိယအကြိမ်မဲနှိုက်ပြီး နေရာချပေးသွားမှာပါ၊ သိပ်တော့ မကြာပါဘူး"ဟု လှိုင်သာယာမြို့နယ်အမှတ် (၂)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူက ပြောသည်။

အဆိုပါ ယာယီအိမ်ခန်းများကို လှိုင်သာယာမြို့နယ်ရှိ အမှတ်(၁၉)ရပ်ကွက် ကျန်စစ်သားလမ်းနှင့် ပေါင်းကူးလမ်းထောင့်ရှိ မြေအကျယ် ၁၂ ဧကနေရာ၌ လူနေအိမ်ခန်းများကို သွပ်၊ စတီး၊ ကျောက်ပြားစသည်တို့ဖြင့် လေးခန်းတွဲ ၁၈ လုံး တည်ဆောက်ထားပြီး စုစုပေါင်း ၇၂ ခန်းရှိကြောင်း သိရသည်။

လှိုင်သာယာ မီးဘေးသင့်ပြည်သူများပြန်လည်နေရာချထားရေးကော်မတီကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းကဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**တာချီလိတ် မေ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၁၉ ရက် နံနက်ပိုင်းက ဆန်ဆိုင်းအခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ ကျောင်းသား ကျောင်းသူ ၇၄ ဦးပါဝင် ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် တာချီလိတ်နှင့် မိုင်းဖြတ်မြို့နယ်တို့ရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပန်းချီပြိုင်ပွဲတွင် ၂၇ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၂၃ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၆ ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ရှစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၄ ဦးတို့က သတ်မှတ်ခေါင်းစဉ်အလိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။

ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုများကို တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပေါ်ထွန်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲမှူးစိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနုနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း



(တာချီလိတ်ခရိုင်)နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆုရကျောင်းသား ကျောင်းသူများကို ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဝါးခယ်မတွင် တောင်သူလယ်သမားများအား မိုးရာသီ ဘဏ်ချေးငွေထုတ်ချေးမှု ရှင်းလင်းဆွေးနွေး

**ဝါးခယ်မ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးမှုနှင့် ပတ်သက်၍ ချပြဆွေးနွေးမှုကို မေ ၂၀ ရက် နံနက် ၁၀ နာရီက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျခန်းမ၌ ပြုလုပ်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝါးခယ်မဘဏ်ခွဲ မန်နေဂျာ ဦးမင်းထူးက ၂၀၁၈ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ငွေချေးရယူမည့်သူအနေဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်းကို ငွေချေးရယူသည့်နေ့မှ ချေးငွေပြေကျေသည်အထိ ချေးငွေ အာမခံအဖြစ် ဘဏ်သို့ ပေးအပ်ထားရမည်ဖြစ်ပြီး ချေးငွေအရင်းနှင့်ကျသင့်သော အတိုး၊ ဒဏ်တိုးများ ပြေကျေမှသာ ပြန်လည်ထုတ်ယူခွင့်ရရှိမည်ဖြစ်သည်။

မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို စပါးသီးနှံအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်း၊ အခြားသီးနှံအတွက် တစ်ဧကလျှင် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မေ ၁၇ ရက်မှစကာ ကြာဖြူကျေးရွာအုပ်စုမှ တောင်သူ ခုနစ်ဦး၏ စပါးစိုက်ပျိုးဧက ၄၉ ဧကအတွက် ချေးငွေကျပ် ၇၃၅၀၀၀၀ အား ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



# ပဲခူးတွင် ကွန်ပျူတာအခြေခံသင်တန်းဖွင့်

**ပဲခူး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ပဲခူးခရိုင် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် အခြားအဆင့် တရားရေးဝန်ထမ်းများအား ကွန်ပျူတာ အခြေခံသင်တန်းကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးခန်းမ၌ မေ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမောင်မောင်အေးနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်စန်းတို့က မှုခင်းများ ဆောင်ရွက်ကြရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရန်နှင့် တရားစီရင်ရေး မဟာဗျူဟာများ အောင်မြင်ရေးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပဲခူးခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် အခြားအဆင့်ဝန်ထမ်း ၃၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၄၂**

# ဟင်္သာတတွင် စိုက်ပျိုးရေးအကြောင်း အသိပညာပေး

**ဟင်္သာတ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ(ဓမ္မိ)၌ တောင်သူများစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးဆောင်ရွက်နိုင်ရေး စိုက်ပျိုးရေးဆိုင်ရာနည်းပညာများအကြောင်းအသိ ပညာပေးဆွေးနွေးပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက ချမ်းသာကြီးကျောင်း တန်ဆောင်း၌ပြုလုပ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့်တိုင်းဒေသကြီးသီးနှံကာကွယ်ရေး တာဝန်ခံ ဦးဝင်းစိုးတို့က တောင်သူများ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ (GAP)စနစ်ကျင့်သုံးနိုင်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် သီးနှံသွင်းအားစု၊ သီးနှံကာကွယ်ရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး တောင်သူများ၏သိရှိလိုသည့်ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဟုန်သန်းနှင့် မြို့နယ်လယ်/စီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်စုမှူးများနှင့် တောင်သူများစုစုပေါင်း ၇၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ဟိုပုံးမြို့ အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံးသစ်ဖွင့်

**ဟိုပုံး မေ ၂၀**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ အနောက်ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲကို မေ ၁၉ ရက် နံနက် ၈ နာရီက အဆိုပါရုံးသစ်ရှေ့၌ ကျင်းပသည်။

အဆိုပါရုံးသစ်သည် အလျား ပေ ၃၀၊ အနံ ၃၄ ပေ၊ အမြင့် ၁၂ ပေဖြင့် သွပ်မိုးအုတ်ကာတမံတလင်းခင်း (RC) တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

# ပြည်တွင်းဈေးကွက်တွင် ဝယ်ယူစီးနင်းသူအချို့ရှိနေပြီး နောက်ဆုံးထုတ်မော်ဒယ်အမြင့်ဆုံး တန်ဖိုးငွေကျပ်သိန်း ၄၅၀ ဝန်းကျင်ခန့်ရှိနိုင်မည့် လျှပ်စစ်စွမ်းအင်သုံး Nissan Leaf 2018

မြန်မာပြည်တွင်းဈေးကွက်တွင် ဝယ်ယူစီးနင်းသူအချို့ရှိနေပြီး ပြည်တွင်းခရီးတိုသွားလာတတ်သူများ အကြိုက်တွေ့လျက်ရှိသော Nissan Leaf ၏မော်ဒယ်သစ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကနှင့် ဥရောပဈေးကွက်အတွင်း စတင်ရောင်းချခဲ့ပြီး ဈေးနှုန်းသင့်တင့်သောကြောင့် ပရိသတ်များ အကြိုက်တွေ့လျက်ရှိသည်။ လျှပ်စစ်စွမ်းအင်စနစ်သုံးကားများကို လေထုညစ်ညမ်းမှုနှင့် စွမ်းအင်ချွေတာရန်အတွက် မော်တော်ယာဉ်လုပ်ငန်းများမှ အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချလာခဲ့ရာ Nissan ကုမ္ပဏီသည်လည်း ပါဝင်လာခဲ့သည်။

Nissan သည် ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ လျှပ်စစ်စွမ်းအင်သုံးကားဖြစ်သည့် Nissan Leaf အမျိုးအစားကို စတင်ထုတ်လုပ်ရောင်းချလာခဲ့ရာမှ ယခု ၂၀၁၈ မော်ဒယ်အထိပင်ဖြစ်သည်။ စတင်ထုတ်လုပ်စဉ်က ပုံစံဒီဇိုင်းအားနည်းချက်ကြောင့် မျက်နှာပန်းမလှခဲ့သော်လည်း ဈေးနှုန်းသက်သာသောကြောင့် ဈေးကွက်အတွင်းရပ်တည်နိုင်ခဲ့ရာ ယခုအခါ ဒီဇိုင်းပိုင်းပိုမိုလှပလာသည်သာမက ထည့်သွင်းပေးထားသည့် နည်းပညာစနစ်များလည်း ပိုမိုကောင်းမွန်လာခဲ့သည်။

စတင်ထုတ်လုပ်ခဲ့စဉ်က ၁၀၇ မိုင်အကွာအဝေးခန့်သာ မောင်းနှင်နိုင်ပြီး ၂၀၁၇ ခုနှစ်တွင် ၁၅၅ မိုင်ခန့်အထိ မောင်းနှင်လာနိုင်ခဲ့ကာ ယခုနှစ်တွင် ၂၃၅ မိုင်အထိ မရပ်မနား မောင်းနှင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ တစ်ကြိမ်အားအပြည့်သွင်းထားရုံမျှဖြင့် ရှစ်စက္ကန့်အတွင်း ၆၂ မိုင်နှုန်းခန့် အရှိန်မြှင့်တင်မောင်းနှင်နိုင်မည်ဖြစ်ကာ မိနစ် ၄၀ အတွင်း ၈၀ ရာခိုင်နှုန်းခန့် စွမ်းအင်ပြန်လည်ဖြည့်တင်းနိုင်မည်ဖြစ်သည်။ Nissan Leaf 2017 မော်ဒယ်မှစတင်ကာ Android Auto, Apple Car Play တို့ကဲ့သို့ စမတ်ဖုန်းများနှင့် ချိတ်ဆက်အသုံးပြုနိုင်သော နည်းပညာများပါဝင်လာပြီး ယခုနောက်ဆုံးထွက်ရှိလာသော မော်ဒယ်တွင်လည်း ခုနစ်လက်မအကျယ်ရှိသော ဘက်စုံသုံးမျက်နှာပြင်နှင့် အခြားနည်းပညာစနစ်များကို အဆင့်မြှင့်တင်ပေးထားပြီဖြစ်ကြောင်း သိရသည်။

40 kWh ဘက်ထရီတပ်ဆင်ထားပြီး ၁၁၀ ကီလိုဝပ် လျှပ်စစ်မော်တာသည် မြင်းကောင်ရေ ၁၄၇ ကောင်အားဖြင့် မောင်းနှင်နိုင်မည်ဖြစ်ကာ ၆ ဒသမ ၆ ကီလိုဝပ် စွမ်းအင်ပြန်လည်ဖြည့်တင်းပေးနိုင်မည့် အားသွင်းစနစ်ပါဝင်သည်။ လျှပ်စစ်စွမ်းအင်သုံးစတီယာရင်စနစ်ဖြင့် ကားကိုကောင်းမွန်စွာ ထိန်းချုပ်မောင်းနှင်နိုင်ပြီး အရေးပေါ်အလိုအလျောက် ဘရိတ်ဖမ်းပေးသည့်စနစ် (ABS) ပါဝင်ကာ တာယာအချက်ပြသည့်စနစ်အပြင် တာယာကို ကိုယ်တိုင်ပြန်လည်ပြုပြင်ပေးနိုင်သည့် အပိုပစ္စည်းများလည်း ထည့်သွင်းပေးထားကြောင်းသိရသည်။

လူငါးဦးအထိလိုက်ပါစီးနင်းနိုင်ပြီး မောင်းနှင်သူအတွက် ကောင်းမွန်သည့်အထောက်အပံ့များပေးထားသည့်ထိုင်ခုံနှင့် ရှေ့ဒိုင်ခွက်များမှာ လှပသပ်ရပ်စွာ တပ်ဆင်ပေးထားသည်။ အပူချိန်အလိုအလျောက်ထိန်းချုပ်ပေးသည့်စနစ်၊ BOSE အမှတ်တံဆိပ် စပီကာ ခုနစ်လုံး၊ စမတ်ဖုန်းနှင့် တက်ဘလက်တို့ကဲ့သို့ မိုဘိုင်းကွန်ပျူတာများနှင့် ကြိုးတပ်၊ ကြိုးမဲ့စနစ်များဖြင့် ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ အားပြန်လည်သွင်းယူနိုင်ခြင်း၊ အသံစနစ်ဖြင့် ကားအတွင်းရှိ သီချင်းနှင့်ရုပ်သံများကို ဖွင့်နိုင်ပိတ်နိုင်ခြင်းအစရှိသည်တို့အပြင် ယာဉ်ကြောပိတ်ဆို့သည့်နေရာများအား ပြသပေးခြင်း၊ ကားအတွင်း ပတ်လည် လေအိတ် ခြောက်လုံး ပါဝင်ခြင်း အစရှိသည့် နောက်ဆုံးထုတ် လူစီးမော်တော်ယာဉ်များတွင် ပါဝင်သင့်သည်များကို ပြည့်စုံအောင်ထည့်သွင်းပေးထားသည်။

ကားတန်ဖိုးမှာ မြန်မာကျပ်ငွေဖြင့် သိန်း ၄၅၀ ဝန်းကျင်ခန့်တွင် ရရှိနိုင်ပြီး လက်ရှိပြည်တွင်းဈေးကွက်တွင် ရရှိနိုင်သော Nissan Leaf 2011 မော်ဒယ်ကားအမျိုးအစားမှာ မြန်မာကျပ်ငွေ ၁၄၅ သိန်းခန့်ဖြင့် ရရှိနိုင်သည်ဟု သိရသည်။

ALEX



# အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း

ရွှေမင်းဝံသာသနာ့ရိပ်သာ ပုညသီအမျိုးသမီးအဖွဲ့ကြီး၏
ဥက္ကဋ္ဌနာယကကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီ ၏သား၊
လူမှုထူးချွန်ဒုတိယအဆင့် ဝဏ္ဏကျော်ထင်ဦးကျော်ဝင်း(ဥက္ကဋ္ဌ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်)သည်
ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်
**(Honorary Dectorate Degree in Buddhist Studies)**
ချီးမြှင့်ခြင်းခံရသည့်အတွက်လည်းကောင်း၊
(သမီး) အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စန္ဒာဝင်း (ဒါရိုက်တာ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်)
နှင့်
(သမီး) အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ဝင်း (ဒါရိုက်တာ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်) တို့သည်
ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ **(Honorary Insignia)** ချီးမြှင့်ခြင်းခံရသည့်အတွက်
အထူးပင်ဂုဏ်ယူဝမ်းမြောက်အပ်ပါကြောင်း
နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေမင်းဝံသာသနာ့ရိပ်သာဂေါပကအဖွဲ့နှင့်
ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့


## ZAMBUYADANA CO., LTD. WOOD BASE INDUSTRY




521, Mogoke Street, Industrial Zone (1), Dagon Myothit (South)
Hp : (95-9) 400 300900, (95-9) 400 900300, (95-9) 510 7832, (95-9) 550 5855, Email : zbuyadana@gmail.com


### ချိတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာခေါ်ယူခြင်း

၁။ Myanmar Distillery Company Limited မှ အောက်ပါပစ္စည်းများကိုဝယ်ယူတည်ဆောက် တပ်ဆင်လိုပါသည်။

| | |
|---|---|
| Tender No. | : MDC/P&T/003-2018 |
| Title | : HDPE Sheet with installation for water reservoir |
| Specification | : 1.5mm thickness |

အသေးစိတ်အချက်အလက်များကို ဖုန်း 09-5057046 သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

၂။ ချိတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို Detail Specifications များနှင့်တကွ HOD, Audit Department၊ အမှတ် (၃၃)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတဆင့်သော်လည်းကောင်း (၂၂-၆-၂၀၁၈) ရက်နေ့ နောက်ဆုံး ထား၍ ပေးပို့နိုင်ပါသည်။


### ခြံရောင်းမည်

သပြေကုန်း၊ ပွဲရုံတန်းအနီး တစ်ကွက် (၅၆' x ၈၃')ကွက် ဂရန်အမည်ပေါက် ထောင့်ကွက်၊ နှစ်ကွက်တွဲ ရောင်းမည်။ နေပြည်တော်။

ဆက်သွယ်ရန် ၀၉ ၅၀၁၄၂၉၂
၀၉ ၇၉၉၉၉၆၀၆၆၇
၀၉ ၄၂၀၇၀၂၀၀၅

### အိမ်ခန်းငှားမည်

လှည်းတန်း အနော်ရထာအိမ်ရာ တိုက် J ၃လွှာ အိပ်ခန်း (၂)ခန်းပါ မိတ်လေ့ကားပါ (၈ သိန်း)
ခြောက်မိုင်ခွဲ ခပေါင်းအိမ်ရာ ဒုတိယထပ် အိပ်ခန်း(၃)ခန်းပါ (၆သိန်း)

ဆက်သွယ်ရန် ၀၉၅၀၄၆၀၄၃
၀၉ ၅၀၆၇၉၃၄
၀၉ ၄၂၀၇၀၂၀၀၅

### TAXI ပိုင်ရှင်များအတွက်သတင်းကောင်း

လူကြီးမင်းတို့၏ TAXI ကားများကို လုံခြုံစိတ်ချမှုရှိစေရန်အထူးမွမ်းမံသင်တန်းပေးထားသော ကျွမ်းကျင်ယာဉ်မောင်းများနှင့် အကျိုးတူ ဆောင်ရွက်လိုပါက အမြန်ဆက်သွယ်ပါ။

ဆက်သွယ်ရန် ၀၉-၇၆၅၄၀၀၄၅၀

### အမြန်ငှား/ဝယ်လိုသည် (GLGD Agency)

၁။ GEMS garden၊Space၊Malikha condoရှိအခန်းများ၊ ရန်ကင်း၊စမ်းချောင်း၊လှိုင်၊ကမာရွတ်၊မရမ်းကုန်းမြို့နယ်များရှိကွန်ဒိုအသစ်များအမြန်ငှားလိုပါသည်။
၂။အရှေ့ဒဂုံ၊မင်္ဂလာဒုံ၊ရွှေပေါက်ကံစက်မှုဇုန် များ နှင့် အခြားစက်မှုဇုန်အတွင်းရှိ (2~10) ဧက မြေကွက် နှင့်
၃။အမှတ် (၂) ပဲခူးမိန်းလမ်းမကြီးပေါ်ရှိ(2~4)ဧကမြေကွက်
၄။ရန်ကုန်မြို့တွင်းရှိ (2~4)ဧက မြေကွက်များအမြန်ဝယ်လိုပါသည်။ Ph:09263202240/09799541265

## ပိုင်ဆိုင်မှုခိုင်မာသည့် ဂရန်မြေကွက်ကျယ်ကြီးရောင်းမည်

(၀၉-၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂)

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာအပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာ ဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ ပတ်ကားခြံခတ်ပြီး (11KVA)ဓာတ်အားလိုင်း သွယ်တန်းပြီး၊ ပေ(60x40) (RC) တစ်ထပ်အဆောက်အအုံ အသစ်တစ်လုံးပါပြီး၊ မြေပြင်ရန်မလို၊ ရေမီးအပြည့်အစုံရပြီး၊ (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း၊ နှစ်ကိုးဆယ် ဂရန်ကြီးကျပြီး၊ ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး၊ တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့်၊ စုစုပေါင်းကိုးဧကခန့်ရှိ မြေကွက်ကျယ်ကြီးရောင်းမည်။ ခွဲ၍မရောင်းပါ။ ဈေးနှုန်း(ညှိနှိုင်း)

## COLD STORE WAREHOUSE SERVICE

အအေးခန်းဝန်ဆောင်မှုလုပ်ငန်း

ငါး၊ပုစွန်၊ငါးခြောက်၊ပုစွန်ခြောက်များနှင့်အခြားကုန်ပစ္စည်းများအား အအေးခန်းတွင် သိုလှောင်လိုသူများအတွက် HACCP လက်မှတ်ရရှိထားသော အအေးခန်းစက်ရုံမှ COLD STORE WAREHOUSE SERVICE များဝန်ဆောင်မှုပေးလျက်ရှိပါသည်။

- ဝန်ဆောင်ခအဖြစ်(1 Kg) အတွက် တစ်ရက်လျှင်(၁ကျပ်ပြား၂၀) နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
- အခန်းပြတ် ငှားရမ်းလိုသူများ အတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးပါသည်။

ဆက်သွယ်ရန် - ph: 01-3685331,01-3685780,01-3685320

Hp: 09-5014727

လိပ်စာ - ရွှေယမုံအအေးခန်းစက်ရုံ

အမှတ်(174-B) ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာ၊စက်မှုဇုန်(4)၊ရန်ကုန်မြို့

## မိဘအမည်မှန်

ကျောက်ဖြူမြို့နယ်နေ မောင်အောင်မိုးလွင် [၁၁/ကဖန(နိုင်)၁၁၅၈၅၅]၏ မိဘအမည်မှန်များမှာ ဦးသန်းအောင်နှင့် ဒေါ်မှဲ့နီမ(ခ)ဒေါ်မရွှေသိန်းတို့ဖြစ်ပါကြောင်း။

**ဦးသန်းအောင်-ဒေါ်မှဲ့နီမ(ခ)မရွှေသိန်း**

## အောင်မင်္ဂလာ

အိမ်ပြောင်း/ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေး

09428773300

09428773355




"ငါတို့ သမိုင်းဖတ်နေတုန်းမှာပဲ
ငါတို့ဟာ သမိုင်းကိုဖန်တီးနေကြတယ်..."

## သမိုင်းမဲ့ဂူ နှင့် အတွေး အမြင်စာစုများ

မောင်ခိုင်လတ်

ထွက်ပြီ

ဖြန့်ချိရေး - ဒေါင်းစာပေ၊ ၁၁၃၊ ၃၃ လမ်း(လယ်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၃၂၁၀

သင့်ပညာရေး အတွက် ယုံကြည် အားထားရာ

## SAIC STUDY ABROAD Information Centre

**Yangon Office**

Diamond Condo, Tower B, 15th Floor, Room 1502,
Pyay Road, Karmaryut Township, Yangon.
Tel : (09) 5151 008

**Mandalay Office**

No. 326, 62nd Street, Between: (29th x 30th) Street,
Chanayetharzan Township, Mandalay.
Tel : (09) 4200 99997




## Gain a quality education at Singapore Institute of Management and meet us at:

**YANGON**
24 MAY 2018, (THURS)
10:00AM-11:30AM
Novotel (Bagan Room)

**MANDALAY**
26 MAY 2018, (SAT)
10:00AM-11:30AM
Hilton Mandalay Hotel (Meeting Rooms)

**PYAY**
27 MAY 2018, (SUN)
10:00AM-11:30AM
Aye Yar Oo Hall

Full Scholarships Available*

MANCHESTER | WMG | UNIVERSITY OF BIRMINGHAM | UNIVERSITY OF LONDON | RMIT UNIVERSITY | UNIVERSITY OF WOLLONGONG AUSTRALIA | UNIVERSITY of STIRLING | LA TROBE | University at Buffalo | GRENOBLE ECOLE DE MANAGEMENT

Contact us : T: +959 5085 373 | E: thetthetnwe@sim.edu.sg | www.simge.edu.sg

## ဖခင်အမည်မှန်

နောင်ချိုမြို့ အထကကျောင်း ဒသမတန်းမှ မောင်ကျော်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်မိုးနိုင် [၁၃/နခတ(နိုင်)၀၀၀၅၁၉]ဖြစ်ပါကြောင်း။ **ဦးတင်မိုးနိုင်**

## ဖခင်အမည်မှန်

နောင်ချိုမြို့ WVEC ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မနှင်းသီရိစိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်သန်း [၁၃/နခတ(နိုင်)၀၆၀၆၂၁]ဖြစ်ပါကြောင်း။ **ဦးမောင်သန်း**

## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

10',14',15' ကားများဖြင့်

လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။

Ph:09-450454771
09-450454772
09-450454773

## SGH CAR TRADING

အိမ်သုံးကား၊ Taxi ကား၊ လုပ်ငန်းသုံးကား၊ စရိုးသည်တင်ကား၊ မြေသယ်ကားများကို လက်ငင်း (သို့) အရစ်ကျ စနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။



- အမှတ်(၂၆)၊ ကျောက်တုန်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ရန်ကင်းမြို့နယ်။
- အမှတ်(၅၃၁)၊ မာလာမြိုင်လမ်းသွယ်၊ လှည်းတန်း(AGD ဘဏ်ဘေး)၊ တာမွေမြို့နယ်။
- အမှတ်(၄၂၃)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Ph: 01-220502 , 09-955030336 , 09-785030336 , 09-765030336 , 09-784551277

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

## ဂုဏ်ရည်ဆေးတိုက်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)

ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

# MYANMAR EDUCATION CENTRE

# မြန်မာ့ပညာရေးအောင်မြေ

## ကိုယ်ပိုင်အထက်တန်းကျောင်း
## သူငယ်တန်းမှ ဒသမတန်း

- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။
- စေတနာနှင့် ဝါသနာတို့ကိုအရင်းခံပြီး အင်္ဂလိပ်စာ (4 skills)၊ ပန်းချီပညာ၊ မြန်မာ့ရိုးရာသိုင်းပညာတို့ကို ထပ်ဆောင်း၍ သင်ကြားပေးခြင်းများ ပါဝင်မည် ဖြစ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည် အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်အထက်တန်းကျောင်းကြီး ဖြစ်ပါသည်။

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၀၀၀၀ |
| ပထမတန်း | ၄၀၀၀၀ |
| ဒုတိယတန်း | ၄၀၀၀၀ |
| တတိယတန်း | ၄၀၀၀၀ |
| စတုတ္ထတန်း | ၄၅၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဥ္စမတန်း | ၄၅၀၀၀ |
| ဆဋ္ဌမတန်း | ၄၅၀၀၀ |
| သတ္တမတန်း | ၄၅၀၀၀ |
| အဋ္ဌမတန်း | ၅၀၀၀၀ |
| **အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀** | |
| နဝမတန်း | ၅၅၀၀၀ |
| ဒသမတန်း | ၆၅၀၀၀ |

**၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ**

- သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းချိန် နံနက် ၈:၀၀ နာရီမှ နေ့လယ် ၁:၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။

(Study Guide ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ ကျောင်းချိန်နံနက် ၈:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ)

*[လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်]*

**ကျောင်းတည်နေရာ**

**MEC-1** အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
**MEC-2** အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဗိုတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၃၆၃၈၈၇၊ ၀၉ ၉၆၃၇၃၅၄၅၁

## ပညာရေး ကမ္ဘာတွင် နှစ်ပေါင်း ၄၀ ကျော်တိုင် ဂုဏ်သရေ နှင့် တကွ အခွန့် ရှည်ကြာခဲ့ပြီ










# ဂုဏ်ထူး ဦးအောင်ခိုင်

**စာသင်သား လက်စွဲ စာအုပ်များ**

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။
01 252 919, 09 964 252 919













# အရောင်း
# ကိုယ်စားလှယ်များ အလိုရှိပါသည်။

မလေးရှားနိုင်ငံတွင် Nissan ၏ လုပ်ပိုင်ခွင့်များကို နှစ်ပေါင်း ၆၁-နှစ်ကျော် ရရှိထားသည့် Tan Chong Motor Holdings Berhad ( TCMH ) သည် ယခုအခါ အင်ဒိုချိုင်းနား ဈေးကွက်အတွင်း၌ ထွင်ဝင်ရောက်လျက်ရှိပါသည်။ TCMH သည် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ နှင့် ဗီယက်နမ်နိုင်ငံများတွင်ရုံးခွဲများ ဖွင့်လှစ်ထားပြီး မော်တော်ယာဉ်ဈေးကွက်၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှာရှိတဲ့ Nissan ရဲ့ တစ်ဦးတည်းသော ဖြန့်ချိသူ Tan Chong Motor အနေနဲ့ ဆန်းသစ်သောထုတ်ကုန်နှင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများအတွက် Nissan ရဲ့ ရှေးရိုးအစဉ်အလာနှင့် စိတ်အားထက်သန်မှုနှင့်အတူများစွာသော ထောက်ပံ့ကူညီမှု အစီအစဉ်တွေအများကြီး ရှိပါတယ်။ အခုချက်ခြင်း Tan Chong Motor နှင့် Nissan တို့၏ Dealer အနေနဲ့ လက်တွဲလိုက်ပါ။

ကျွန်တော်များ နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဈေးကွက်၌ ထွင် နိုင်မှုများကို စိတ်အားထက်သန်စွာအတူတကွ အားအင်စိုက်ထုတ်ပြီး အကောင်အထည်ဖော်ဆောင် လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။

တိုးတက်အောင်မြင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၏ ၌ ထွင်မှုအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကျွန်ုပ်တို့နှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် သင့်အားဖိတ်ခေါ် လိုက်ပါသည်။ အောက်ဖော်ပြပါ ဒေသများတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် ရောင်းအားမြင့်မားလှသော အရောင်းကိုယ်စားလှယ်များကို ကြိုဆိုလျက်ရှိပါသည်။...

- မော်လမြိုင်
- ပြည်
- ရန်ကုန်
- မကွေး
- တောင်ကြီး

အသေးစိတ်အချက်အလက်များ စုံစမ်းရန်နှင့် အရောင်းကိုယ်စားလှယ်လျှောက်ထားသည့်ပုံစံ ရယူလိုသူများ ကိုထင်ဇော် ဖုန်းနံပါတ် ၀၉-၄၂၀ ၁၅၆ ၁၆၅ (သို့)
htin.zaw@tanchonggroup.com သို့ email ပို့၍ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

EDARAN TAN CHONG MOTOR (MYANMAR) CO., LTD.

/NissanMyanmar    nissan.com.mm

# ရန်ကုန် ငြိမ်းချမ်းရေးရောင်စုံ နောက်ဖေးလမ်းကြားဥယျာဉ်သစ် ဖွင့်လှစ်



ရန်ကုန် မေ ၂၀

**ရန်ကုန် ငြိမ်းချမ်းရေးရောင်စုံ နောက်ဖေးလမ်းကြားဥယျာဉ်အမည်ရှိ နောက်ဖေးလမ်းကြားဥယျာဉ်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၉ လမ်းနှင့်ရွှေဘုံသာလမ်းကြား (အထက်ဘလောက်)ရှိ နောက်ဖေးလမ်းကြား၌ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်တာဝန်ရှိသူများ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

## ရတနာပုံ၊ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ဂိုးပြတ်နိုင်

**ရန်ကုန် မေ ၂၀**

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၂) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။ မန္တလာသီရိကွင်းတွင် ရတနာပုံအသင်းက မြဝတီအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

နိုင်ပွဲပျောက်နေသည့် ရတနာပုံအသင်းသည် အိမ်ကွင်း၌ ပြန်လည်ပေါက်ကွဲပြီး တိုက်စစ်မှူး ဝင်းနိုင်စိုး၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် အဆင့်(၄)နေရာ ပြန်ရောက်လာခဲ့ပြီး မြဝတီအသင်းမှာမူ (၁၀)ပွဲမြောက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ရတနာပုံအသင်းသည် အသင်းခေါင်းဆောင် ရဲကိုဦး အပါအဝင် သိန်းသန်းဝင်း၊ စည်သူအောင်၊ သက်နိုင်၊ မြတ်ကောင်းခန့်တို့ဖြင့် လူစုံခဲ့ပြီး မြဝတီအသင်းမှာလည်း ရဲဝေယံစိုး၊ ကောင်းစည်သူ၊ ဝေယံဦး စသည့် အမာခံကစားသမားများကို ထည့်သွင်းအသုံးပြုခဲ့သည်။ ရတနာပုံအသင်းသည် ပွဲအစ နှစ်မိနစ်မှာပင် ဂိုးစရခဲ့ပြီး ဝင်းနိုင်စိုးက ခေါင်းတိုက်သွင်းယူခဲ့သည်။ စောစီးစွာ ဂိုးရခဲ့သောကြောင့် ရတနာပုံအသင်းပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး ပထမပိုင်းမှာပင် လေးဂိုးပြတ် အနိုင်ရနေသည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၁၁ မိနစ်တွင် လှိုင်းဘိုဘို၊ ၃၁ မိနစ်တွင် မြတ်ကောင်းခန့်၊ ၃၉ မိနစ်တွင် ဝင်းနိုင်စိုးတို့က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရတနာပုံအသင်းကသာ ပွဲကိုထိန်းချုပ်ခဲ့ပြီး ၅၃ မိနစ်တွင် သက်နိုင်၊ ၆၃ မိနစ်တွင် ဝင်းနိုင်စိုးတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် ဂိုးပြတ်အနိုင်ရနေသော်လည်း ကစားအားမချဘဲ တိုက်စစ်ဖွင့်ကစားခဲ့ပြီး

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**

# လျှင်များလှုပ်ခတ်ခဲ့သော်လည်း ဘော်ဘင်ရေလှောင်တမံ ကြံ့ခိုင်ကောင်းမွန်၊ နွေစပါးဧက ၇၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်

**ကြို့ပင်ကောက် မေ ၂၀**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတွင် တည်ရှိသော ဘော်ဘင်ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေသဖြင့် ယခုနှစ်နွေစပါးစိုက်ရာသီတွင် လျာထားဧက ၄၂၁၃ ဧကထက် ကျော်လွန်ကာ ဧက ၇၃၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အတည်ပြုတိုင်းတာချက်များအရ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းတွင် အင်အားအသင့်အတင့်ရှိ မြေငလျင်နှစ်ကြိမ်နှင့် အသေးစားမြေငလျင်ငယ်များ အကြိမ်ကြိမ်လှုပ်ရှားမှုကြောင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ညွှန်ကြားချက်အရ ဘူမိဗေဒဌာနခွဲမှ ဘူမိရုပ်သွင်တိုင်းတာရေးစက်များဖြင့် ဘော်ဘင်ရေလှောင်တမံညီနောင်ကို ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ တိုင်းတာစစ်ဆေးခဲ့ရာ တမံများကြံ့ခိုင်ကောင်းမွန်၍ သတ်မှတ်ရေလှောင်ပမာဏကို သိုလှောင်ထားရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

၂၀၁၇-၂၀၁၈ နွေစပါးစိုက်ပျိုးရာသီတွင် တမံနှစ်ခုမှ နွေစပါးစိုက်ဧက ၄၂၁၃ ဧကစိုက်ပျိုးရန်လျာထားခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ပင်မရေလှောင်တမံမှ ရေစတင်ပေးဝေခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေကူရေလှောင်တမံမှ

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ○**




GRAND HANTHA INTERNATIONAL HOSPITAL

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး

GREEN. GRAND. CARE FOR THE PEOPLE

Now Open

## ကင်ဆာရောဂါဓါတ်ရောင်ခြည်ကုသမှုစင်တာ



- ခေတ်မီစက်သစ်ကြီးဖြစ်သော (VARIAN Vital Beam)ဖြင့် ကုသနိုင်ခြင်း။
- ကင်ဆာဆဲလ်များကို အထိရောက်ဆုံးကုသနိုင်သော 3D CRT, IMRT, VMAT နည်းပညာများ အသုံးပြုနိုင်ခြင်း။
- ကောင်းမွန်သော ဆဲလ်များနှင့် ကိုယ်တွင်းအစိတ်အပိုင်းများကို ဓါတ်ရောင်ခြည်သင့်မှု အနည်းဆုံးဖြစ်အောင် ကာကွယ်ပေးနိုင်ခြင်း။
- Rapid Arc Technique ပါရှိသဖြင့် နေ့စဉ်ကုသမှုတွင် အချိန်တိုခြင်းကြောင့် လူနာ သက်တောင့်သက်သာရှိခြင်း။
- kV, MV, Cone Beam CT များဖြင့် ပုံရိပ်ဖော်၍ ကင်ဆာဆဲလ်ရှိသော နေရာအား တိကျစွာ စစ်ဆေးကုသနိုင်ခြင်း။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂